# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ် (၁၁၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၈) ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပပြုလုပ်

## နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသမှ ပြည်သူလူထုများ အေးချမ်းတည်ငြိမ်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များကို အပြုသဘောဆောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့






(၈) ကြိမ်မြောက် မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၈) ကြိမ်မြောက် မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး 8th High Level Committee Meeting ကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ Jasmine Ngapali Resort ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့သည် သီးခြားတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား ရှေ့ဆက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့** *ဖတ် စ ရာ*

(၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေစာမေးပွဲကျင်းပ

ပြည်တွင်းသတင်း | စာ – ၂

၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ လူဦးရေ ၀ ဒသမ ၄၃ ရာခိုင်နှုန်း လျော့နည်းလာ

နိုင်ငံတကာသတင်း | စာ – ၁၄




သုတေသန ဆိုသည်မှာ

ဆောင်းပါး
စာ – ၁၇

# အိမ်သာမှသာလျှင် ညော့်လာမည်

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းတွင် ချယ်ရီပန်းပွဲတော် (၂၀၂၃) ကို ဇန်နဝါရီလ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာ ကျင်းပလျက်ရှိသည်။ ချယ်ရီပန်းများပွင့်သည့် ရာသီတွင်သာ စိတ်နှလုံးကြည်နူးဖွယ် ခံစားရရှိနိုင်သည့် သဘာဝအလှအပများနှင့် ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများ၊ ဒေသထွက်ကုန်များနှင့် အစားအစာများကိုအခြေခံကာ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မှုများဖြင့် ကျိုင်းတုံနှင့် လွိုင်မွေသည် ချယ်ရီမြို့တော်၊ ချယ်ရီမြေအဖြစ် ထင်ရှားကျော်ကြားလာမည်ဖြစ်သကဲ့သို့ ချယ်ရီပန်းသည်လည်း လွိုင်မွေ၏ အထိမ်းအမှတ်သင်္ကေတ ဖြစ်လာမည်ဖြစ်သည်။ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ဒေသ၏ အထိမ်းအမှတ် ချယ်ရီပင်များကို ထိန်းသိမ်းပြုစုခြင်း၊ တိုးချဲ့စိုက်ပျိုးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို မပျက်စီးအောင် ထိန်းသိမ်းခြင်း၊ ရိုးရာယဉ်ကျေးမှုများ မပျောက်မပျက်အောင် ဖော်ထုတ်မြှင့်တင်ခြင်းဖြင့် ရေရှည်တွင် ကမ္ဘာကျော်သည်အထိ အောင်မြင်ထင်ရှားလာမည်ဟု ယုံကြည်မိသည်။

"ဒေသတွင်းရှိ ရှေးဟောင်းအမွေအနှစ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများအားလုံး သန့်ရှင်းသာယာလှပစေရေး၊ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့် လမ်းများအားလုံး သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အမြင်တင့်တယ်မှုရှိစေရေး ဒေသအလိုက်တာဝန်ရှိသူများနှင့် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသသို့ လာရောက်လည်ပတ်သူများ မျက်စိပသာဒ ဖြစ်စေရေးအတွက် Green Zone များကိုလည်း ဖန်တီးပေးရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ထားရှိခြင်းအားဖြင့် ဒေသတွင်းသို့ လာရောက်လည်ပတ်သူများ ဝင်ရောက်မှု ပိုမိုများပြားလာပြီး ဒေသတွင်းငွေကြေးလည်ပတ်မှု အားကောင်းလာမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အိမ်သာယာမှသာလျှင် ညော့်လာမည်ဖြစ်ကြောင်း" ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇန်နဝါရီလ ၂၀ ရက်တွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့ရာ နိုင်ငံအတွင်းရှိ မြို့ ရွာ ဒေသ အားလုံးကလည်း ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ကြခြင်းအားဖြင့် အကျိုးဖြစ်ထွန်းလာကြမည် ဖြစ်သည်။

မိမိတို့နိုင်ငံသည် ကွဲပြားခြားနားသည့် ရေ၊ မြေ၊ ရာသီဥတု အနေအထား များပြားစုံလင်ပြီး တိုင်းရင်းသားလူမျိုးစုလည်း ၁၃၀ ကျော်အထိ ရှိနေရာ အရောင်စုံ အသွေးစုံနှင့် ထူးခြားသည့် အလှကိုယ်စီ ရှိနေကြသည်။ ခရီးစဉ်ဒေသများအဖြစ် မဖော်ထုတ်နိုင်သေးသည့် ထူးခြားသော သဘာဝအလှအပများစွာတို့မှာ ကမ္ဘာလှည့်ခရီးသည် သန်းနှင့်ချီ၍ ဝင်ရောက်နေကြသည့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများမှ အလှအပများထက် များစွာပို၍ ထူးခြားလှပသည်။ သို့ရာတွင် မငြိမ်းချမ်းခြင်း၊ မဖွံ့ဖြိုးခြင်းနှင့် အကြောင်းကြောင်းတို့ကြောင့် အဖိုးတန် သဘာဝအလှအပများစွာတို့မှာ မှေးမှိန်တိမ်မြုပ်ငုပ်လျှိုးနေကြရသည်။

မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေး၊ ဒေသ၏ ထူးခြားသည့် သဘာဝအမှတ်အသားလက္ခဏာများကို အများသိအောင် ဖော်ထုတ်ရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့များကို မြှင့်တင်ရေးတို့တွင် လွိုင်မွေဒေသ ချယ်ရီပန်းပွဲတော်ကို နမူနာယူကာ အားထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် စိတ်နှလုံးမွေ့လျော်ပျော်ရွှင်ဖွယ် ဒေသများအဖြစ် ပြည်တွင်းပြည်ပ ခရီးသွားများကို ဖိတ်ခေါ်နိုင်ကြပါစေကြောင်း။ ။



## (၇၅) ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေစာမေးပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် စိန်ရတုတိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးသဘော ရေးဖြေစာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ယနေ့မှစ၍ ဇန်နဝါရီ ၂၄ ရက်အထိ ငါးရက်တိုင်တိုင် ဖြေဆိုကျင်းပသွားမည် ဖြစ်သည်။

ယနေ့သဘောရေးဖြေစာမေးပွဲတွင်အဘိဓမ္မာ (ဒုတိယပိုင်း) စာရင်းသွင်း ခြောက်ပါး၊ အဘိဓမ္မာ (ပထမပိုင်း) စာရင်းသွင်း ၁၁ ပါး၊ ဒီဃနိကာယ်စာရင်းသွင်း ၂၈ ပါး၊ ဝိနည်း(ဒုတိယပိုင်း)စာရင်းသွင်း ၅၉ ပါး၊ ဝိနည်း (ပထမပိုင်း)စာရင်းသွင်း အပါး ၉၀ စုစုပေါင်း ဆရာတော် ၁၉၄ ပါး ဖြေဆိုရန် စာရင်းသွင်းထားပြီး ယခုလာရောက်ဖြေဆိုသူ ဆရာတော် အဘိဓမ္မာ (ဒုတိယပိုင်း) ခြောက်ပါး၊ အဘိဓမ္မာ(ပထမပိုင်း) ရှစ်ပါး၊ ဒီဃနိကာယ် ၂၇ ပါး၊ ဝိနည်း (ပထမပိုင်း) ၇၉ ပါး စုစုပေါင်း အပါး ၁၂၀ တို့ ဖြေဆိုကြကာ ဝိနည်း (ဒုတိယပိုင်း) ၅၉ပါးသည် ဇန်နဝါရီ ၂၂ ရက်မှစ၍ ၂၄ ရက်အထိ ဖြေဆိုကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**ဇော်မင်းလတ်(သတင်းစဉ်)**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် သင်ခန်းစာပို့ချမှုအစီအစဉ်များ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၁) နှင့် အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ အမှတ်စဉ် (၁၂) တို့မှ သင်တန်းသား၊ သင်တန်းသူများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌဦးသန်းဆွေက သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်စေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပြီး ပြည်သူ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရန်နှင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ယနေ့တွင် **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍ"** ဘာသာရပ်ကို သင်ကြားပို့ချသည်။**(အောက်ဝဲပုံ)**



ထို့အပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး (Edu-tainment) အစီအစဉ်အဖြစ် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာများကို ဆွေးနွေးပို့ချကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆွမ်းဆန်တော်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ပေါက်မြိုင် ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဇိနောဒယပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရိုးဂိုး ကျောင်းဟောင်း ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ဇေယျာဝတီပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ ဥက္ကံသာရာ မရွှေကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ တိပိဋကာလင်္ကာရပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း။

**ဆန်ကြာဆံလှူဒါန်း**

မန္တလေး တိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာပညိန္ဒာ ရာမကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ရေပန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ဇောတနာရာမကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ လဲလျောင်းအောင်ချမ်းသာကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သဲအင်းဂူကမ္မဋ္ဌာန်း ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

### ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၀** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ သီးခြားတွေ့ဆုံဆွေးနွေးစဉ်။

❖ *ရှေ့ဖုံးမှ*

ထို့နောက် (၈) ကြိမ်မြောက် မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းဘုရင့် တပ်မတော်မှ အရာရှိကြီးများ၊ နှစ်နိုင်ငံစစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ (၈) ကြိမ်မြောက် မြန်မာ–ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏ မြန်မာဘက်ပူးတွဲဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ (၈) ကြိမ်မြောက် မြန်မာ–ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မြန်မာ့တပ်မတော်မှ အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ခိုင်မာပြီး ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးကို ရှေးယခင်ကတည်းကပင် တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်ပြီး မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ၂၀၁၃ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်အကြား နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် တပ်မတော်နှစ်ရပ်မှ အရာရှိကြီးများ အပြန်အလှန်ခရီးစဉ်များ၊ (ကြည်း၊ ရေ၊ လေ) ကဏ္ဍအလိုက် အစည်းအဝေးများ၊ နယ်ခြားကော်မတီအစည်းအဝေးများနှင့် အားကစားပြိုင်ပွဲများကို ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်ရောဂါဖြစ်ပွားမှု အခြေအနေများကြောင့် ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ အချို့သော အစည်းအဝေးများကို Video Conferencing ဖြင့်သာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း။

**ကြိုးပမ်းဆောင်ရွက်သွားမည်**

ယခုကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးမှတစ်ဆင့် တပ်မတော်နှစ်ရပ်အကြား ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုတိုးတက်အားကောင်းလာစေရန် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အရှိန်အဟုန်မပျက်စေဘဲ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အခိုင်အမာပြောကြားလိုကြောင်း ပြောကြားသည်။

**"ယခုကျင်းပပြုလုပ်သည့် (၈) ကြိမ်မြောက် မြန်မာ - ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးမှတစ်ဆင့် တပ်မတော်နှစ်ရပ်အကြား ယုံကြည်မှု၊ အပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုတိုးတက်အားကောင်းလာစေရန် တည်ဆောက် နိုင်မည်ဟု ယုံကြည်"**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

**ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခဲ့**

ထို့နောက် (၈) ကြိမ်မြောက် မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ ထိုင်းဘက်ပူးတွဲဥက္ကဋ္ဌဖြစ်သူ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာ့တပ်မတော်မှ နွေးထွေးရင်းနှီးစွာ ကြိုဆိုခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့် ပူးတွဲအစည်းအဝေးများ ကျင်းပနိုင်ခဲ့ခြင်း မရှိသော်လည်း မြန်မာ့တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများကို မိမိအနေဖြင့် အမြဲဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပေါ်ချိန်တွင်လည်း ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

*စာမျက်နှာ ၄ သို့*







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ အစည်းအဝေးသဘောတူညီချက်များ အတည်ပြုလက်မှတ်ရေးထိုးပြီး လဲလှယ်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

> “ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲဆက်ဆံရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရေး ထာဝရရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်ကို ထာဝရမိတ်ဆွေကောင်းအဖြစ် ဆက်လက်တည်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်”
>
> **ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်** General Chalermphon Srisawasdi

*စာမျက်နှာ ၃ မှ*

ယခုကဲ့သို့ မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ ကျင်းပနိုင်ခြင်းဖြင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် လမ်းကြောင်းနှင့် နည်းလမ်းများကို ချမှတ်နိုင်မည့်အပြင် နယ်စပ်ဒေသရှိ တပ်ဖွဲ့များအနေဖြင့်လည်း ချမှတ်ထားသည့် လမ်းကြောင်းများအတိုင်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသတစ်လျှောက်ရှိ နှစ်နိုင်ငံပြည်သူများအတွက် အသက်အိုးအိမ်စည်းစိမ်၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**ထာဝရရပ်တည်ဆောင်ရွက်သွားမည်**

မိမိအနေဖြင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲဆက်ဆံရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရေး ထာဝရရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်ကို ထာဝရမိတ်ဆွေကောင်းအဖြစ် ဆက်လက်တည်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က အစည်းအဝေးအစီအစဉ်များကို အတည်ပြုကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် (၃၄) ကြိမ်မြောက် မြန်မာ – ထိုင်း နယ်ခြားကော်မတီအစည်းအဝေး၏ ရလဒ်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင် ကလည်းကောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သည့်ကိစ္စရပ်များအား အခမ်းအနားမှူးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက 8th High Level Committee Meeting ၌ ဆွေးနွေးမည့် အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

**အတည်ပြုလက်မှတ်ရေးထိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးသဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် နိဂုံးချုပ်အမှာစကားများ ပြောကြားကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးတက်ရောက်လာကြသည့် နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခုပြုလုပ်သည့် မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသမှ ပြည်သူလူထုများ အေးချမ်းတည်ငြိမ်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များကို အပြုသဘောဆောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အိမ်မဲ အထက(၁)၌ လူငယ်စကားဝိုင်းကျင်းပ

**အိမ်မဲ ဇန်နဝါရီ ၂၀**

အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အထက(၁) ရွှေညီလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အိမ်မဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား မြို့နယ်လဝက ဦးစီးမှူး ဦးအောင်နိုင်ဦးနှင့် ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ဝင်းတို့က အမှာစကားများ ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးဌေးလှိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် မြို့နယ်ပြန်/ဆက်ဦးစီးအရာရှိ ၊ အထက(၁)ကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ချိုချိုမြင့်တို့ Grade 10 မှ မသီရိဖုန်းမော်က “လူငယ်နှင့် လူမှုဝန်ထမ်းစိတ်”၊ မငြိမ်းလဲ့လွင် က “လူငယ်နှင့် မျိုးချစ်စိတ်”၊ မောင်ခန့်ညားအောင်က “လူငယ်နှင့် လွတ်လပ်ခြင်း”၊ မသဇင်သက်မော်ထွန်းက “လူငယ်နှင့် ကိုယ်ကျင့်တရား” ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားသည်။



ယင်းနောက် အခမ်းအနားတက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ဆွေးနွေးမှုများနှင့် ပတ်သတ်ပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လူငယ်စကားဝိုင်း ဆွေးနွေးပြောကြားပေးခဲ့သော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားပေးသည်။ **မြို့နယ်(ပြန်/ဆက်)**

# ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၈) ကြိမ်မြောက် မြန်မာ–ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး 8th High Level Committee Meeting သို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး Madame Budsakorn Srisawasdi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့ညပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေရှိ Jasmine Ngapali Resort ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

**မီးပုံးပျံများလွှတ်တင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် (၈)ကြိမ်မြောက် မြန်မာ–ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးပုံးပျံများကို တက်ရောက်လာကြသည့် နှစ်ဖက်တပ်မတော် အရာရှိကြီးများနှင့်အတူ အတူတကွ လွှတ်တင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် ဇနီးများ၊ နှစ်နိုင်ငံ စစ်သံမှူးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၊ အနုပညာဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အနုပညာရှင်များ၊ ပြင်ပ အနုပညာရှင်များနှင့် ပြည်နယ် ယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ (၈)ကြိမ်မြောက် မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးပုံးပျံများလွှတ်တင်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး Madame Budsakorn Srisawasdi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။




အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေကြစဉ်။

**မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်**

ဖျော်ဖြေမှုများအပြီးတွင် (၈) ကြိမ်မြောက် မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ဂုဏ်ပြုပစ်ဖောက်သည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

## သံတွဲလေဆိပ်ကို နိုင်ငံတကာလေဆိပ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များအား တွေ့ဆုံပွဲတွင် ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်များအား ယနေ့ မွန်းလွဲပိုင်းတွင် သံတွဲမြို့ရှိ Pristine Mermaid Resort ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ**

ဦးစွာ ရခိုင်ပြည်နယ်ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် သံတွဲခရိုင်ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်တို့က ရခိုင်ပြည်နယ်အတွင်းနှင့် သံတွဲခရိုင်အတွင်းရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလိုင်စင်များထုတ်ပေးထားရှိမှု၊ ပြည်တွင်းပြည်ပခရီးသည်များ ဝင်ရောက်လျက်ရှိမှု၊ ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ အပန်းဖြေကမ်းခြေ ခရီးစဉ်ဒေသများ တိုးမြှင့် ဖော်ဆောင်လျက်ရှိမှု၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်လျက်ရှိမှု၊ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ Gust List Management System ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ရခိုင်ဇုန်) ဥက္ကဋ္ဌ၊ Bay View Hotel ပိုင်ရှင် ဦးသန်းဦးနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် ဒေသခံများက လေကြောင်းလိုင်းပြေးဆွဲမှုများ နည်းပါးသွားသည့်အတွက် ခရီးသွားဝင်ရောက်မှုများ နည်းပါးလျက်ရှိမှု၊ သံတွဲလေဆိပ်ကို အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် တိုးချဲ့တည်ဆောက်နိုင်မည်ဆိုပါက ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်မှု၊ ရန်ကုန်-ငပလီသွား ကားလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်မှု၊ လျှပ်စစ်ဓာတ်အားလိုအပ်မှု၊ ငပလီဟိုတယ်ဇုန်သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ရေလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရေး ရေလုပ်ငန်းဇုန်တစ်ခုကန့်သတ်၍ ဖွင့်လှစ်ပေးရန်လိုအပ်လျက်ရှိမှု၊ ကမ်းခြေသဘာဝ အလှအပများပျက်စီးမှုများ မဖြစ်ပေါ်စေရေးအတွက် သဲထုတ်လုပ်မှုများကို ထိန်းသိမ်းကြပ်မတ်ပေးရန်နှင့် နေရာသတ်မှတ်ပေးရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြား**

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ထမ်းများအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးများ စနစ်တကျ ထိုးနှံထားရှိရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လေကြောင်းလိုင်းများ အမြဲမပြတ်ပြေးဆွဲစေရေးအတွက် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများနှင့် လေကြောင်းလိုင်းလုပ်ငန်းများ ဆောင်ရွက်နေသူများ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ငပလီလေဆိပ်အား အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းအတွက် ပိုမိုအထောက်အကူပြုနိုင်သဖြင့် လေဆိပ်အား အဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငပလီဒေသအတွက် လိုအပ်သည့် လျှပ်စစ်

- **ခရီးသွားလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဆောင်ရွက်ရန်လိုအပ်**
- **လေကြောင်းလိုင်းများ အမြဲမပြတ် ပြေးဆွဲစေရေးအတွက် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများနှင့် လေကြောင်းလိုင်း လုပ်ငန်းများ ဆောင်ရွက်နေသူများ ညှိနှိုင်းဆောင်ရွက်**
- **ခရီးသွားလုပ်ငန်းတွင် ခရီးသွားသူများနှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းရှင်များအချင်းချင်း နှစ်ဦးနှစ်ဖက် နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး စနစ်တကျရှိရန်လို**

ဓာတ်အားရရှိရေး သူ့ဌေးရေအားလျှပ်စစ် စီမံကိန်းကို ယခင်ကတည်းက အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါ အဆိုပါစီမံကိန်းအား အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောလျှပ်စစ်မီးလိုအပ်ချက်အား နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲခြင်းဖြင့် အထောက်အကူ ပြုနိုင်ကြောင်း၊ အလားတူ စပါးခွံသုံး Gastifier စနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ လေအားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ ရေလုပ်ငန်းနှင့် ပတ်သက်၍ စနစ်တကျဖြင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် တည်းခိုရေးတစ်ခုတည်းသာ မကဘဲ များစွာကျယ်ပြန့်ကြောင်း၊ ထို့ကြောင့် အခြားကဏ္ဍများဖြင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်ခြင်းဖြင့် တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ခရီးသွားလုပ်ငန်းသည် ဒေသရှိ သဘာဝသယံဇာတ အရင်းအနှီးများကို အကျိုးရှိစွာ အသုံးချ၍ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ *စာမျက်နှာ ၇ သို့*





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက သံတွဲလေဆိပ်အဆင့်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံတွဲလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစဉ်။

*စာမျက်နှာ ၆ မှ*

နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများတွင် ပါဝင်ပြီး နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုဟူ၍ရှိကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ခရီးသွားသူများနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းရှင်များအချင်းချင်း နှစ်ဦးနှစ်ဖက်နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး စနစ်တကျရှိရန်လိုကြောင်း၊ သယ်ယူပို့ဆောင်ရေး၊ ချက်ပြုတ်ကျွေးမွေးရေးနှင့် တစ်ဦးချင်းဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ အလားတူ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးသည်လည်း အရေးကြီးသည့် အချက်တစ်ခုဖြစ်ပြီး ငပလီကမ်းခြေသည် သာယာလှပသည့် ကမ်းခြေတစ်ခုဖြစ်ကာ ပြည်ပခရီးသွားဧည့်သည်များကပင် ချီးကျူးနှစ်သက်ရသည့် ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ရှိပြီးသားဖြစ်သည့် အားသာချက်များကို အသုံးချပြီး ခရီးသွားဧည့်သည်တို့၏ သဘောသဘာဝကို သိရှိအောင်ဆောင်ရွက်ကာ ဒေသတွင်းသို့ ခရီးသွားများ ပိုမိုဝင်ရောက်စေရေး လုပ်ဆောင်ကြရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံတွဲမြို့ရှိ အောင်စစ်သည် အပန်းဖြေစခန်း(လင်းသာ) တည်ဆောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် အခြေခံအားဖြင့် လူသားအရင်းအမြစ်များ၊ အရင်းအနှီး၊ ကုန်ကြမ်းနှင့် နည်းပညာများ လိုအပ်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဒေသရှိ သဘာဝ သယံဇာတအရင်းအနှီးများကို အကျိုးရှိစွာအသုံးချ၍ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများကိုလည်း စနစ်တကျမွေးမြူဆောင်ရွက်ရန် အဓိကလိုအပ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အရည်အချင်းရှိပြီး ကျွမ်းကျင်သည့် ဝန်ထမ်းများရှိမှသာလျှင် ဝန်ဆောင်မှုလုပ်ငန်း၌ ကောင်းမွန်သည့် ရလဒ်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို မဖြစ်မနေ အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကို အားပေးဆောင်ရွက်ပြီး ဒေသတွင်း ပညာတတ်များ ပေါ်ကြွယ်ဝစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### အိမ်သာယာမှသာလျှင် ဧည့်လာမည်

ဒေသတွင်းရှိ ရှေးဟောင်းအမွေအနှစ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများအားလုံး သန့်ရှင်းသာယာလှပစေရေး၊ မိမိတို့ နေထိုင်ရာပတ်ဝန်းကျင်နှင့် လမ်းများအားလုံး သန့်ရှင်းသပ်ရပ်မှု ရှိစေရေး၊ အမြင်တင့်တယ်မှုရှိစေရေး ဒေသအလိုက် တာဝန်ရှိသူများနှင့် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသသို့ လာရောက်လည်ပတ်သူများ စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်စေရေးအတွက် Green Zone များကိုလည်း ဖန်တီးပေးရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ထားရှိခြင်းအားဖြင့် ဒေသတွင်းသို့ လာရောက်လည်ပတ်သူများဝင်ရောက်မှု ပိုမိုများပြားလာပြီး ဒေသတွင်း ငွေကြေးလည်ပတ်မှုအားကောင်းလာမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အိမ်သာယာမှသာလျှင် ဧည့်လာမည်ဖြစ်ကြောင်း။

ဒေသတွင်း တာဝန်ကျသည့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးတို့အတွက် စည်းကမ်းပိုင်းဆိုင်ရာများကို ဥပဒေနှင့်အညီ တိကျစွာကိုင်တွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသနှင့်တိုင်းပြည်၏ ရေရှည်အကျိုးကိုကြည့်၍ မိမိ၏ တာဝန်များကို ကျေပွန်အောင် တိတိကျကျဖြင့် အမုန်းခံပြောဆိုဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥပဒေမဲ့ ဆောင်ရွက်နေမှုများအား ပြောဆိုသတိပေးရမည်များကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက နောင်တစ်ချိန်တွင် ဒေသနှင့် တိုင်းပြည်၏အကျိုးစီးပွားကို ကြီးမားစွာ သက်ရောက်ထိခိုက်စေနိုင်မည်ကို တာဝန်ရှိသည့် အုပ်ချုပ်သူ၊ တာဝန်ရှိသူများအနေဖြင့် သတိပြုဆောင်ရွက်ကြစေလိုကြောင်း၊ ငပလီဒေသအတွင်းရှိ လမ်းများ စနစ်တကျရှိစေရေး၊ လမ်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ လမ်းပခုံးများ ကောင်းမွန်စေရေး၊ လမ်းအင်္ဂါရပ်များနှင့် ညီညွတ်စေရေးနှင့် လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျရှိစေရေး၊ လမ်းဧရိယာအတွင်း ကျော်လွန်ဝင်ရောက်၍နေထိုင်ခြင်းနှင့် ဈေးရောင်းချခြင်းများမရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျ အလေးထားကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသမှ ထွက်ရှိသည့် ဒေသထွက်အစားအစာများဖြင့်လည်း ဒေသသို့ လာရောက်လည်ပတ်သူ များပြားလာအောင် ဆွဲဆောင်နိုင်ကြောင်း၊ ဒေသထွက်သားငါးနှင့် သီးနှံများ၏ သန့်ရှင်းလတ်ဆတ်မှု၊ အနံ့အရသာ ပြည့်စုံမှုတို့ကို ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းဝန်ဆောင်မှုများတွင် အသုံးပြုသည့်

*စာမျက်နှာ ၈ သို့*

○ ငပလီကမ်းခြေသည် သာယာလှပသည့်ကမ်းခြေတစ်ခုဖြစ်ကာ ပြည်ပခရီးသွားဧည့်သည်များကပင် ချီးကျူးနှစ်သက်ရသည့် ကမ်းခြေတစ်ခုဖြစ်၊ မိမိတို့၏ ရှိပြီးသားဖြစ်သည့် အားသာချက်များကို အသုံးချပြီး ခရီးသွားဧည့်သည်တို့၏ သဘောသဘာဝကို သိရှိအောင် ဆောင်ရွက်ကာ ဒေသတွင်းသို့ ခရီးသွားများ ပိုမိုဝင်ရောက်စေရေး လုပ်ဆောင်

◆ **ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများကိုလည်း စနစ်တကျ မွေးမြူဆောင်ရွက်ရန် အဓိကလိုအပ်ပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်**

❖ **ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း အောင်မြင်ခြင်းဖြင့် နိုင်ငံတွင်းရှိ ချည်ထည်ပစ္စည်းလုပ်ငန်းများကိုလည်း ဈေးကွက်ရရှိအောင် ဖော်ဆောင်နိုင်မည်၊ ပြည်တွင်းရှိချည်ထည်ဖြင့် ထုတ်လုပ်ထားသော ချည်ထည်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် စီးပွားရေးမြှင့်တင်မှုကို အထောက်အကူပြုနိုင်မည်**

*စာမျက်နှာ ၇ မှ*
အသားငါးနှင့် သစ်သီးဝလံများကို ဒေသခံများအား အောင်မြင်အောင် စိုက်ပျိုးစေခြင်းဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝကိုလည်း ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်သကဲ့သို့ မိမိတို့၏ဧည့်သည်များကိုလည်း သန့်ရှင်းပြီး လတ်ဆတ်သည့် အစားအစာများဖြင့် ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အောင်မြင်ခြင်းဖြင့် နိုင်ငံတွင်းရှိ ချည်ထည်ပစ္စည်းလုပ်ငန်းများကိုလည်း စျေးကွက်ရရှိအောင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိချည်ထည်ဖြင့် ထုတ်လုပ်ထားသော ချည်ထည်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် စီးပွားရေးမြင့်တင်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေနှင့် လိုအပ်သည်များကို မူဝါဒအနေဖြင့် ချမှတ်ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့် အခက်အခဲများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သံတွဲမြို့ရှိ အောင်စစ်သည် အပန်းဖြေစခန်း(လင်းသာ) တည်ဆောက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတွဲမြို့လေဆိပ်သို့ ရောက်ရှိကြရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လေဆိပ်သမိုင်းအကျဉ်းနှင့် လေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များ၊ လေယာဉ်ပြေးလမ်းကို အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆင့်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သံတွဲလေဆိပ်ကို နိုင်ငံတကာလေဆိပ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသသို့ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ခြင်း၊ ဒေသထွက်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းများကို ဆောင်ရွက်နိုင်သည့်အပြင် ရေထွက်ပစ္စည်းများကိုလည်း ပြည်ပသို့တိုက်ရိုက်တင်ပို့နိုင်မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်သည့် အခြေအနေများကို ပြောကြားပြီး လေယာဉ်ပြေးလမ်းအား အဆင့်အလိုက် တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ပြေးလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုပြီး လေယာဉ်ကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ပတ်သက်၍လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သံတွဲမြို့ရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို၊ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalerm–phon Srisawasdi ၏ ဇနီး Mad–ame Budsakorn Srisawasdi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးတို့နှင့်အတူ ရခိုင်ပြည်နယ် သံတွဲမြို့ရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုပြီး(ယာပုံ)အထင်ကရနေရာများသို့ သွားရောက်လေ့လာသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့်



ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး Madame Budsakorn Srisawasdi နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှတို့ ရခိုင်ရိုးရာလက်မှုပစ္စည်းများကို လေ့လာကြည့်ရှုစဉ်။



အဖွဲ့သည် နံနက်ပိုင်းတွင် တပ်မတော် အရာရှိကြီးများ၏ ဇနီးများနှင့်အတူ ရွှေအံတော်စေတီသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်အား ဆီမီး၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။ ယင်းနောက် ရွှေနံ့တော်စေတီသို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

**လက်မှုပစ္စည်းများ ကြည့်ရှု**

မွန်းလွဲပိုင်းတွင် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများနှင့်အတူ Amazing Ngapali Resort သို့ သွားရောက်ကာ ရခိုင်ရိုးရာရက်ကန်းနှင့် ရိုးရာလက်မှုပစ္စည်းများကို လေ့လာကြည့်ရှုကြပြီး Amazing Ngapali Resort မှ ဖျော်ဖြေသည့် ရခိုင်ရိုးရာသီချင်းအကအလှများကို ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ရိုးရာအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





❑ *ကျောဖုံးမှ*

အစည်းအဝေးသို့ ဗဟို သန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မရှင် အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်မည်ဆိုပါက အဆိုပါနိုင်ငံ၏ လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ဆန်းစစ်ခြင်းဖြင့် သိရှိနိုင်သည့်အတွက် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ တိတိကျကျ မှန်မှန်ကန်ကန် ရရှိနိုင်ရေးသည် အလွန်အရေးကြီးသည်ကို တွေ့ရှိရကြောင်း၊ စာရင်းအင်းအချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေကို ထင်ဟပ်ဖော်ပြနေခြင်းဖြစ်၍ နိုင်ငံ၏ ကြေးမုံပြင်ဟုလည်း တင်စားညွှန်းဆိုလေ့ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအဖြစ် အသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းများမှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

### နိုင်ငံတော်အတွက် မရှိမဖြစ် များစွာအသုံးဝင်

သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသ လက္ခဏာတစ်ခုအနေဖြင့် အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ကောက်ယူရရှိသည့် အချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်း၊ အထောက်အထားများအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းစသည်များကို ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်ကြောင်း၊ သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များကို နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားခြင်း၊ နယ်မြေဧရိယာ နယ်နိမိတ်များ ပြန်လည်ဆန်းစစ်ခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားများ စသည့်အခြေခံအဆောက်အဦများ တည်ဆောက်ပေးခြင်းနှင့် သုတေသနလုပ်ငန်းများ အပါအဝင် လူတစ်ဦးချင်းမှသည် မိသားစုအလိုက်၊ ရပ်ကွက်နှင့် ကျေးရွာအလိုက်၊ မြို့ပြမှ ပြည်နယ်နှင့် တိုင်းအလိုက် နောက်ဆုံး နိုင်ငံတော်အဆင့်ထိ ကမ္ဘာ့ကုသမဂ္ဂ အဖွဲ့အစည်းတစ်ခုဖြစ်သည့် UNFPA မှ ချမှတ်ပေးထားသည့် အချက်အလက်အသေးစိတ်များ ရရှိစုဆောင်းနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် မရှိမဖြစ် များစွာအသုံးဝင်ကြောင်း။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှု သမိုင်းကြောင်းအခြေအနေကို ပြန်လည်လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေး မရမီကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်နှင့် ၁၉၄၁ ခုနှစ်တို့တွင် (၈) ကြိမ်ကောက်ယူခဲ့သည်ကို တွေ့ရကြောင်း၊ သန်းခေါင်စာရင်း အချက်အလက်များကို ယနေ့အထိ အသုံးပြုနေရဆဲဖြစ်ကြောင်း၊ ယနေ့ မိမိတို့နိုင်ငံအပေါ် မလိုလားသည့် ပြည်ပနိုင်ငံတချို့၏ စွပ်စွဲထိုးနှက်နေသည့် ရိုဟင်ဂျာကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုး လုံးဝမရှိခဲ့ကြောင်းကို ဗြိတိသျှကိုလိုနီလက်အောက် ၁၈၈၁ ခုနှစ် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်း အစီရင်ခံစာပါ လူမျိုးစာရင်းများအရ အခိုင်အမာ သက်သေပြနိုင်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ် မတ်လတွင် မြို့နယ်ပေါင်း ၂၅၂ မြို့နယ်နှင့် ချင်းပြည်နယ်ကို လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည် ပြည်မကျေးရွာ အုပ်စု ၂၄၄၃ ခုနှင့် ကချင်ပြည်နယ်ရှိ ကျေးရွာအုပ်စု ၁၀၁၆ ခုတွင် လည်းကောင်း၊ လူဦးရေ သန်းခေါင်စာရင်း ကောက်ယူခဲ့ကြောင်း မှတ်တမ်းများအရ သိရကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ကောက်ယူနိုင်ခဲ့သည့် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ်၊ စုစုပေါင်း(၃)ကြိမ် ကောက်ယူနိုင်ခဲ့ကြောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ ကြာ သန်းခေါင်စာရင်း ကောက်ယူနိုင်ခြင်း မရှိခဲ့သည့် ၁၉၈၃ ခုနှစ် စာရင်းပေါ်တွင် အခြေခံပြီး လူဦးရေအပါအဝင် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိမှုနှင့် အသုံးပြုမှုများကြောင့်လည်း အားနည်းချက်များ အနည်းနှင့်အများ ဖြစ်ခဲ့သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

### စာရင်းအင်းအချက်အလက် အသုံးပြုမှု ပိုမိုအားကောင်းလာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၄ ခုနှစ် ရောက်မှသာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် လိုအပ်နေသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်အတော်များများ ရရှိခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံအတွင်း လူဦးရေဆိုင်ရာ ပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပေါ်နေချိန်တွင် စာရင်းအင်းအချက်အလက် လိုအပ်နေမှုကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရန် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို ၂၀၁၉ ခုနှစ်တွင် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ကြောင်း၊ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များစွာကို ပံ့ပိုးပေးနိုင်ခဲ့ပြီး စာရင်းအင်းအချက်အလက် အသုံးပြုမှု ပိုမိုအားကောင်းလာသည်ကို တွေ့ရကြောင်း။

နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်း ကောက်ယူခြင်း အတွေ့အကြုံများအရ လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ကုန်ကျစရိတ်များပြားခြင်းကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် ၁၀ နှစ်လျှင် တစ်ကြိမ်သာ လူဦးရေသန်းခေါင်စာရင်းများကို ကောက်ယူလေ့ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လူဦးရေစာရင်းကောက်ယူနိုင်သည့် အတွက်လည်း တစ်ကမ္ဘာလုံးနှင့်ယှဉ်ပြီး နိုင်ငံအချို့၏ လူဦးရေ စာရင်းအတိအကျ မကောက်ယူနိုင်သော်လည်း ပျမ်းမျှလူဦးရေ တိုးပွားနှုန်းနှင့် လျော့ကျမှုနှုန်းကို မူတည်၍ ကမ္ဘာ့လူဦးရေကို နှစ်အလိုက် လိုအပ်သလို ထုတ်ပြန်နိုင်ခြင်းဖြင့် နောက်ဆက်တွဲ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လူမှုရေးဆိုင်ရာ အချက်အလက် ကိန်းဂဏန်းများကို ရရှိစေခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၉၉ ခုနှစ်တွင် တစ်ကမ္ဘာလုံး လူဦးရေသည် ၆ ဘီလီယံခန့်ရှိရာမှ ၂၀၁၁ ခုနှစ်တွင် ခန့်မှန်း ၇ ဘီလီယံခန့်၊ ၂၀၂၂-၂၀၂၃ တွင် ၈ ဘီလီယံခန့် ရှိမည်ဟု ခန့်မှန်းချက်များ တွက်ချက်ထွက်ပေါ်လာခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်အတွက် မှတ်ပုံတင်စာရင်းအင်းအချက်အလက်များ အပြည့်အစုံရှိသည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူနေဆဲဖြစ်၍ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ သန်းခေါင်စာရင်းအပြီး ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူရမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်တွင် ကောက်ယူရန် လျာထား ဆောင်ရွက်လျက်ရှိသည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို လုပ်ငန်းအဆင့်တိုင်းတွင် အချိန်နှင့်တစ်ပြေးညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေအရ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၇-၆-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၂၂ ဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ကြောင်း၊ အဆိုပါအမိန့်ကြော်ငြာစာအရ မိမိအနေဖြင့် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယကအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အဖွဲ့ဝင်များနှင့် ပထမဆုံးအကြိမ်တွေ့ဆုံသည့် အစည်းအဝေးဖြစ်ကြောင်း။

### အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်

အထူးအားဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ဖြစ်ပေါ်လာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေးအခြေအနေများကို အုပ်ချုပ်မှုဒေသ အသေးငယ်ဆုံးအဆင့်ထိ ရရှိနိုင်ရန် သန်းခေါင်စာရင်းကို မဖြစ်မနေ ကောက်ယူရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်ဆိုးကြီး၏ အကျိုးဆက်များကို ဆန်းစစ်လေ့လာ သုံးသပ်ရန်နှင့် ပြန်လည်ကုစားရေး အစီအစဉ်များကို စနစ်တကျ ရေးဆွဲနိုင်ရန် တိကျမှန်ကန်သည့် စာရင်းအင်းအချက်အလက်များလည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခွင့်ပြုခဲ့ပြီးဖြစ်၍ နိုင်ငံတော်၏ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရသည့် ရည်ရွယ်ချက်များအနေဖြင့် မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာ သုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတို့ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်အညွှန်းကိန်းများကို နောက်ဆုံးအခြေအနေနှင့်အညီ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန်ဖြစ်ကြောင်း။

### ဝိုင်းဝန်းကူညီဆောင်ရွက်

သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ အားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူပြည်သားအားလုံးနှင့် သက်ဆိုင်ကြောင်း၊ သန်းခေါင်စာရင်းက သာလျှင် နိုင်ငံအတွင်းနေထိုင်သူများ၏ လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအုပ်စုလိုက်၊ တစ်နိုင်ငံလုံး အတိုင်းအတာအရ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးများ အပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သူများကယ်ဆယ်ရေး စသည့် အခြားသော ဘက်စုံကဏ္ဍများအတွက် ပါလိုအပ်သည့် အချက်အလက်များရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက အဓိကဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်စပ်ပတ်သက်သည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံသူနိုင်ငံသားအားလုံး အနေဖြင့်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း။

သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်များကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာန တစ်ခုတည်းက ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဆက်စပ်ဝန်ကြီးဌာနများနှင့် မြေပြင်တွင် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ များပြားသည့်အတွက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်အောက်တွင် လုပ်ငန်းများ

*စာမျက်နှာ ၁၀ သို့*

❖ **စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ဖြစ်ပေါ်လာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် အခြေခံအကျဆုံး ဖြစ်သည့် တိကျမှန်ကန်သည့်လူဦးရေနှင့် လူမှုစီးပွားရေးအခြေအနေများကို အုပ်ချုပ်မှုဒေသ အသေးငယ်ဆုံးအဆင့်ထိ ရရှိနိုင်ရန် သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရမည်**

❖ **ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်ဆိုးကြီး၏ အကျိုးဆက်များကို ဆန်းစစ်လေ့လာသုံးသပ်ရန်နှင့် ပြန်လည်ကုစားရေး အစီအစဉ်များကို စနစ်တကျရေးဆွဲနိုင်ရန် တိကျမှန်ကန်သည့် စာရင်းအင်းအချက်အလက်များလည်းလိုအပ်၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက လမ်းညွှန်ခွင့်ပြုခဲ့ပြီးဖြစ်၍ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်သွားကြရမည်**

စာမျက်နှာ ၉ မှ

အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် တိုက်ရိုက်ညွှန်ကြားကွပ်ကဲနိုင်မည့် ဗဟိုသန်းခေါင်စာရင်းကော်မတီကို ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အဆင့်အထိ သန်းခေါင်စာရင်း ကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးတွင် ဗဟိုသန်းခေါင်စာရင်းကော်မတီ ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရေး၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့် ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြရန် ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ခြင်းကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် နည်းပညာအပါအဝင် ရှိနှင့်ပြီးဖြစ်သည့် ရင်းမြစ်များကို မျှဝေသုံးစွဲကြရန်နှင့် ဝိုင်းဝန်းကူညီပံ့ပိုးကြရန် အလေးအနက် မှာကြားလိုကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် အချိန်နှင့်ငွေကြေးများစွာ ရင်းနှီးစိုက်ထုတ်ရသည့်အပြင် သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံအဆင့်အရေးကြီးပြီး အသုံးဝင်သည့် အချက်အလက်များဖြစ်သည့်အတွက် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်၏ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူကာ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သန်းခေါင်စာရင်းကောက်ယူရေး အစီအမံများ ရှင်းလင်း**

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင် အတွင်းရေးမှူး(၁) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင် က ဗဟိုသန်းခေါင်စာရင်းကော်မတီနှင့် ကော်မတီအဆင့်အဆင့် ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်ဦးကျော်ယဉ်ဦး က အစည်းအဝေး ဆုံးဖြတ်ချက်များအား ဖတ်ကြားတင်ပြပြီး အတည်ပြုချက် ရယူသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားကာ နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပညာရေးဝန်ကြီးဌာနမှဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားကြိုးမာန်တက် ပါဝင်ခဲ့ကြသည့် ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၃)၊ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ကြုံတောင့်ကြုံခဲ နေ့ထူးနေ့မြတ် အခါသမယဖြစ်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား၌ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ဦးစီးဌာနများအားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြသည့် စိန်ရတုလွတ်လပ်ရေးနေ့သည် မိမိတို့အနေဖြင့် တစ်သက်တာတွင် ပထမဆုံးကြုံတွေ့ဆင်နွှဲခွင့်ရခဲ့သည့် ပွဲဖြစ်ပါကြောင်း၊ ပညာရေး ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ဆင်နွှဲကြသည့် ဝန်ထမ်းများအနေဖြင့် ဦးစီးဌာနအလိုက် ကျရာတာဝန်များ ခွဲဝေဆောင်ရွက်ရာတွင် ခွဲဝေပေးအပ်သည့် တာဝန်များအပြင် ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသည် ကမ္ဘာက အသိအမှတ်ပြုရသည့် သမိုင်းတွင်မည့် ဂုဏ်ယူဖွယ် အခမ်းအနားကြီး ဖြစ်ပြီး အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းသည် ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု စွမ်းပကားကြောင့် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြသည့် ဝန်ထမ်းများကို မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။(ယာပုံ)



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စစ်ရေးပြတပ်ခွဲတွင် ပါဝင်ခဲ့သည့် ဝန်ထမ်း ၁၈၃ ဦး အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဦးစီးဌာနများမှ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသည့်ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် အရာထမ်း/အမှုထမ်းများ အတွေ့အကြုံရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများ တက်ရောက်ခဲ့သော အရာထမ်း/အမှုထမ်းများက အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ခုနှစ်အတွင်း ပြည်ပခရီးစဉ်များရှိလာပြီး ဝန်ကြီးဌာနအတွင်း အရာထမ်း ၇၀၊ အမှုထမ်း ၁၀ ဦး၊ စုစုပေါင်း ၈၀ တို့သည် တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ အစရှိသည့် နိုင်ငံများသို့ ခရီးစဉ် ၃၄ ကြိမ် သွားရောက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ထိတွေ့ဆောင်ရွက်နိုင်မှုမှသည် နိုင်ငံတကာနှင့်ဆိုင်သော အတွေ့အကြုံ အသိပညာများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်ပပညာသင် စေလွှတ်ခြင်းကိစ္စရပ်များကို အားပေးလျက်ရှိပါကြောင်း၊ Life Long Learning အနေဖြင့် လုပ်ငန်းခွင်သင်ကြားရေးသာမက ပြည်ပအစည်းအဝေးများ၊ ညီလာခံများ တက်ရောက်ခြင်းဖြင့် သင်ယူရမည်ဖြစ်ပါကြောင်း၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ တက်ရောက်သူများ အနေဖြင့် နိုင်ငံတော်နှင့် ဌာနအပေါ်တွင် ပြန်လည် အကျိုးပြုရမည်ဖြစ်ပါကြောင်းနှင့် တက်ရောက်လာသူများအနေဖြင့် အတွေ့အကြုံများ ဖလှယ်မျှဝေခြင်း အစီအစဉ်တွင် ဗဟုသုတများ တိုးပွားစေရေး သေချာမှတ်သားပြီး သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြပါရန် ပြောကြားသည်။(အပေါ်ပုံ)

အဆိုပါ အတွေ့အကြုံရှင်းလင်းခြင်းအစီအစဉ် ပထမပိုင်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဆောင်ရွက်ခဲ့ရာ ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့တွင် ကျင်းပခဲ့သော ကဏ္ဍပေါင်းစုံ၌ ကျား/မ တန်းတူညီမျှရေးအမြင် ထည့်သွင်းစဉ်းစားရေးဆိုင်ရာ အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ် စောင့်ရှောက်ရေး ကော်မရှင်နှင့် အာဆီယံအမျိုးသမီးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းတစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ စံသတ်မှတ်ချက်များနှင့် အသိအမှတ်ပြု ထောက်ခံချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ အရာထမ်း နှစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် မာနာဒိုမြို့၌ (၇) ကြိမ်မြောက် အာဆီယံ ကလေးသူငယ်များဖိုရမ်သို့ ပါဝင်တက်ရောက်ခဲ့သော အရာထမ်းနှစ်ဦးမှ ရှင်းလင်းတင်ပြခဲ့ကြသည်။

ယနေ့အစီအစဉ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံ သတင်းအချက်အလက်နှင့် နည်းပညာဖိုရမ်သို့ တက်ရောက်ခဲ့သော လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း တစ်ဦး၊ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်အမှုဆောင် အစီအစဉ်သို့ တက်ရောက်ခဲ့သော အရာထမ်းနှစ်ဦးနှင့် စင်ကာပူနိုင်ငံတွင် ကျင်းပသည့် ပိုမိုအကျုံးဝင်စေသော လူ့အဖွဲ့အစည်းဖြစ်စေမည့် ကျား/မ တန်းတူညီမျှရေး သင်တန်းသို့ တက်ရောက်ခဲ့သော အရာထမ်းတစ်ဦးတို့က ဘာသာရပ်ဆိုင်ရာ အသိပညာများ ပြန်လည်ရှင်းလင်း မျှဝေခဲ့ကြကာ တက်ရောက် လာသူများက မေးခွန်းများမေးမြန်းခြင်း၊ မိမိတို့ဌာနအလိုက် ဆက်လက်ဆောင်ရွက်သင့်သည့် အကြံပြုချက်များ ဖော်ထုတ် အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရန်ကုန်မြို့ရှိ ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့စာတိုက်လုပ်ငန်း၏ စာရွေးစာပို့စခန်း (ရန်ကုန်)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Call Center၊ မင်္ဂလာဒုံမြို့နယ်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးချုပ်နှင့် မြန်မာအမျိုးသားလေကြောင်းရုံးချုပ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အကျိုးရှိအောင် စီမံဆောင်ရွက်နိုင်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မရမ်းကုန်းမြို့နယ် (၈) မိုင်လမ်းဆုံရှိ မြန်မာ့စာတိုက်လုပ်ငန်း စာရွေးစာပို့ စခန်း(ရန်ကုန်)သို့ ရောက်ရှိပြီး မြန်မာ့စာတိုက်လုပ်ငန်းမှ အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ စာပို့လုပ်ငန်းကွန်ရက်အတွင်း လုပ်ငန်းပိုမိုထိရောက်အောင်မြင်ရေးအတွက် ယခုလို အခြေခံအဆောက်အဦများကို ရန်ကုန်နှင့်မန္တလေးမြို့ကြီးများအပြင် အခြားဒေသများ၌ပါ လိုအပ်ချက်အခြေအနေများကို သုံးသပ်၍ ဆောက်လုပ်နိုင်ရန် Master Plan ရေးဆွဲလျာထား ဆောင်ရွက်ထားရှိရေး၊ ယခု အဆောက်အဦ၏ တည်နေရာ အချက်အချာကျမှု အနေအထားအရ လုပ်ငန်းစဉ်များကို အထိရောက်ဆုံး အကျိုးရှိအောင် စီမံဆောင်ရွက်နိုင်ရေး၊ အဆောက်အဦ ရေရှည်တည်တံ့ခိုင်ခံ့စေရေး၊ လိုအပ်သည့် လုံခြုံရေးနှင့် မီးဘေးကာကွယ်ရေးဆိုင်ရာ ကိရိယာပစ္စည်းများ စနစ်တကျ တပ်ဆင်အသုံးပြုရေးနှင့်အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်လေ့ကျင့်ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဆောက်အဦသစ်၌ လုပ်ငန်းဆောင်ရွက်နေကြသည့် စာရွေးစာပို့လုပ်ငန်းစဉ်များကို ကြည့်ရှုအားပေးပြီး **(အပေါ်ယာပုံ)**ဝန်ထမ်းများကို စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Call Center အဆောက်အဦသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ဌာနဝန်ထမ်းများအနေဖြင့် သုံးစွဲသူများ၏ လိုအပ်ချက် အခက်အခဲများကို သိရှိရမည်ဖြစ်ပြီး နွေးထွေးပျူငှာစွာဖြင့် ပြည်သူလူထုနှင့် Public Relation ကောင်းမွန်စေရေး၊ အသုံးပြုနေသည့် စက်ပစ္စည်း Equipment များအား ပုံမှန်စစ်ဆေး၍ လိုအပ်သည့် အရန်ပစ္စည်းများ အဆင်သင့်ရှိနေရေး၊ အဆောက်အဦ၊ ဝန်ထမ်းနှင့် စာရွက်စာတမ်းများ လုံခြုံရေးကို အလေးအနက်ထားရေး၊ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်အောင် လေ့ကျင့်ပေးရေး၊ ယနေ့ကာလတွင် မိုဘိုင်းတယ်လီဖုန်းစနစ်ကို တွင်ကျယ်စွာ အသုံးပြုလျက်ရှိကြပြီဖြစ်သော်လည်း အော်တိုတယ်လီဖုန်းစနစ် ကောင်းမွန်စွာအသုံးပြုနိုင်ရေးအတွက်လည်း ဝန်ဆောင်မှုကောင်းများပေးရေးတို့ကို မှာကြားကာ Call Center ခန်းများ၌ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ ဌာန၏ ဆက်သွယ်ရေးဆက်ကြောင်းများ စောင့်ကြည့်ထိန်းသိမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ကွပ်ကဲဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်ရာ လေကြောင်းလိုင်းများ၊ လေယာဉ်ကွင်းများနှင့် လေကြောင်းဖြင့် ခရီးသွားပြည်သူများ၏ ဘေးကင်းလုံခြုံမှု ရှိစေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နယ်လေဆိပ်များအားလုံး၏ လေဆိပ်အဆောက်အဦ၊ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ကွင်းဧရိယာများကို သန့်ရှင်းသပ်ရပ်မှုရှိအောင် စီစဉ်ထားရှိ၍ တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန် အလေးထားမှာကြားလိုကြောင်း၊ နိုင်ငံတကာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုများ ကျဆင်းလာသည်နှင့်အမျှ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ဖြေလျှော့ပေးလျက်ရှိရာ ပြည်တွင်းပြည်ပခရီးသွားလာမှုများ တဖြည်းဖြည်းပြန်လည်များပြားလာပြီး ခရီးသွားများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော ကုမ္ပဏီများ၊ မြေပြင်ဝန်ဆောင်မှုဆောင်ရွက်သည့်အဖွဲ့များကို SOP(Standard Operation Producer) များနှင့်အညီ လိုက်နာဆောင်ရွက်ရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်၊ ဌာနရှိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတွင်ရှိသည့် လုပ်ငန်းအတွေ့အကြုံ၊ လုပ်ငန်းကျွမ်းကျင်မှုများကို အသုံးချပြီး ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဌာန၏ ရည်မှန်းချက်တာဝန်များကိုပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

**လေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်ရန်**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ မြန်မာအမျိုးသားလေကြောင်းရုံးချုပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် Board of Directors (BOD) အဖွဲ့ဝင်များက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများနှင့် တန်းတူယှဉ်ပြိုင်နိုင်ရေး ဈေးကွက်အခြေအနေကို အမြဲတမ်းလေ့လာသုံးသပ်ပြီး မိမိလေကြောင်းလိုင်းအစဉ်ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးပမ်းရန် လိုအပ်ကြောင်း။

ထို့ပြင် ဝင်ငွေတိုးတက်ရရှိစေရေး ပြည်တွင်းပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းခြင်း၊ လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းနှင့် ATR လေယာဉ်အကြီးစားပြင်ဆင်ရေး အလုပ်ရုံလုပ်ငန်းအတွက် ဈေးကွက်ရှာဖွေဆောင်ရွက်ခြင်း၊ အခြားလေကြောင်းလိုင်းနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများရှာဖွေဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အောင်မြင်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် လေကြောင်းလိုင်းအသုံးစရိတ်များကို စိစစ်၍ လျှော့ချပြီး ဝင်ငွေတိုးတက်ရရှိအောင် အစဉ်မပြတ် သုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်းတို့ကို မှာကြားပြီး ဝန်ထမ်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကုန်အမှတ်တံဆိပ်ဥပဒေ အာဏာသက်ဝင်တော့မည်ဖြစ်၍ လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီးရုံး အဆောက်အဦတွင် မူပိုင်ခွင့်ဦးစီးဌာန၊ ရန်ကုန်တိုင်းရုံး ဖွင့်လှစ်မည့်နေရာကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

**စနစ်တကျ ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးသစ်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ဆက်စပ်ပစ္စည်းများ ရရှိရေး၊ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရေးနှင့် မကြာမီကာလအတွင်း ကုန်အမှတ်တံဆိပ်ဥပဒေ အာဏာသက်ဝင်တော့မည်ဖြစ်၍ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိရေးကိစ္စရပ်များကို မှာကြားသည်။

**သိုလှောင်ရုံများ စစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် သိုလှောင်ရုံများကို လိုက်လံကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**





# ကျိုင်းတောင်းမြို့မှ ခွန်ဆမ်လောမွေးနေ့ပွဲတော် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများဖြင့် စည်ကား

**ကျိုင်းတောင်း ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့ အမှတ်(၆)ရပ်ကွက်(ပါဆာ)တွင် ကျိုင်းတောင်းမြို့အတွင်းရှိ ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် အလှူရှင်များက (၁၅) ကြိမ်မြောက် ခွန်ဆမ်လောမွေးနေ့ပွဲကို စုပေါင်းကျင်းပရာ ဒေသတွင်းရှိ ပြည်သူများအပြင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ **(ဝဲပုံ)**

အဆိုပါ ခွန်ဆမ်လောမွေးနေ့ပွဲတော်ကို ဇန်နဝါရီ ၁၈ ရက်မှ စတင်ကျင်းပပြီး ဇန်နဝါရီ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ကျိုင်းတောင်းမြို့အတွင်းရှိ ဈေးသည်များအပြင် အနယ်နယ်အရပ်ရပ်မှ ဈေးသည်များက ၎င်းတို့၏ ဒေသထွက်ပစ္စည်းများကို လာရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

ခွန်ဆမ်လောမွေးနေ့ပွဲသို့ လာရောက်ကြသော ခရီးသွားပြည်သူများက ယခင် ခွန်ဆမ်လောနေအိမ်ဖြစ်သော ယခုတွင် ပါဆာဘုန်းတော်ကြီးကျောင်းသို့ လာရောက်၍ ဘုရားဖူးခြင်း၊ ခွန်ဆမ်လော၏ သမိုင်းကြောင်းဖြစ်စဉ်များကို လေ့လာကြည့်ရှုခြင်း၊ ဒေသခံပြည်သူများ၏ အကပဒေသာများ၊ စတိတ်ရှိုး ဖျော်ဖြေမှုများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းဇာတ်ပွဲ လာရောက်ဖျော်ဖြေမှုများကို ပျော်ရွှင်စွာ အားပေးလေ့လာ ကြည့်ရှုကြကြောင်း၊ ဒေသခံပြည်သူများ အလှူရှင်များက စားသောက်ဖွယ်ရာများ ဝေငှပေးကြကြောင်း သိရသည်။ **သီဟ(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးအဆောက်အဦ ကိုးခု ပျက်စီးဆုံးရှုံးခဲ့

နေပြည်တော် ဇန်နဝါရီ ၂၀

CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံ ပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များနှင့် ဌာနဆိုင်ရာရုံးများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများလုယက်ခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အောင်ဇေယျရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ရုံးပင်မအဆောက်အဦတစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကြောင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး ကိုးရုံးတို့ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်းတွေ့ရှိရသည်-

### လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် ဦးစီးမှူးရုံးများတွင် အကြမ်းဖက်(မီးရှို့ဖျက်ဆီး)ခံရမှု အခြေအနေ

| စဉ် | ရက်စွဲ | ဒေသရုံး | ဖြစ်စဉ်အကျဉ်း |
|---|---|---|---|
| ၁ | ၁၄-၁၀-၂၀၂၁ | ပြည်နယ်ဦးစီးမှူးရုံး၊ ချင်းပြည်နယ် | ၁၄-၁၀-၂၀၂၁ ရက်နေ့၊ ည (၁၀) နာရီ၊ မိနစ် (၃၀) အချိန်ခန့်တွင် CDF အကြမ်းဖက်သမားများမှ မီးလောင်ဗုံးဖြင့် ပစ်ပေါက်ပြီးမီးရှို့ ဖျက်ဆီးခြင်း ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။ |
| ၂ | ၂၃-၁၁-၂၀၂၁ | ကန်ပက်လက် မြို့နယ်ဦးစီးမှူးရုံး၊ ချင်းပြည်နယ် | ၂၃-၁၁-၂၀၂၁ ရက်နေ့၊ ည(၂၁:၄၅) အချိန်ခန့်တွင် PDF အင်အား (၃၀၀) ခန့်မှ မီးရှို့ဖျက်ဆီးခဲ့ရာ အလျား (၄၀)ပေ၊ အနံ (၃၀) ပေ၊ အမြင့် (၁၀)ပေရှိသော သွပ်မိုးအုတ်ညှပ် (၁) ထပ်၊ ဌာနပိုင် အဆောက်အအုံအား မီးရှို့ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။ |
| ၃ | ၁၁-၁၀-၂၀၂၂ | တီးတိန်မြို့နယ်ဦးစီးမှူးရုံးနှင့် ဝန်ထမ်းလိုင်းခန်းနေအိမ်၊ ချင်းပြည်နယ် | ၁၁-၁၀-၂၀၂၂ ရက်နေ့၊ ည (၂၁:၃၀) အချိန်ခန့်တွင် တီးတိန်မြို့နယ် ဦးစီးမှူးရုံးနှင့် ဝန်ထမ်းလိုင်းခန်း နေအိမ်(၁) လုံးအား CDF အကြမ်းဖက်သမားများမှ မီးရှို့ဖျက်ဆီးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး (၅၀ x ၂၅ x ၂၅) ကွန်ကရစ်သွပ်မိုးအုတ်ကာ(၁) ထပ်၊ တီးတိန်မြို့နယ် ဦးစီးမှူးရုံး (၃၀ x ၁၅ x ၁၅) ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးနှစ်ခန်းတွဲ (၁)ထပ် ဝန်ထမ်းလိုင်းခန်း နေအိမ်(၁)လုံးအား မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။ |
| ၄ | ၂၃-၁၀-၂၀၂၂ | ဒီပဲယင်းမြို့နယ် ဦးစီးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး | ၂၃-၁၀-၂၀၂၂ ရက်နေ့၊ (၀၄:၃၀) အချိန်ခန့်တွင် PDF အကြမ်းဖက်သမားများမှ ဒီပဲယင်းမြို့နယ် ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ် ဖြစ်ပွားခဲ့ရာ (၁၀၂ x ၆၂ x ၁၄) ကွန်ကရစ်သွပ်မိုး၊ အုတ်ကာ(၁) ထပ် မြို့နယ်ဦးစီးမှူးရုံး အဆောက်အဦအား မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။ |
| ၅ | ၅-၁၂-၂၀၂၂ | မြောင်မြို့နယ် ဦးစီးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅-၁၂-၂၀၂၂ ရက်နေ့၊ နေ့လည် (၁၃:၀၀) အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ် ဦးစီးမှူးရုံးအား PDF အကြမ်းဖက်သမား (၂၀) ဦးခန့်မှ မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။ |
| ၆ | ၃-၁-၂၀၂၃ | မြိုင်မြို့နယ်ဦးစီးမှူးရုံး၊ မကွေးတိုင်းဒေသကြီး | ၃-၁-၂၀၂၃ ရက်နေ့၊ (၂၁:၃၀) အချိန်ခန့်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်ဦးစီးမှူးရုံး အတွင်းသို့ အကြမ်းဖက်သမား (၃) ဦးမှ ရုံးခြံစည်းရိုးအားကျော်၍ ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။ |
| ၇ | ၉-၁-၂၀၂၃ | ဆားလင်းကြီး မြို့နယ်ဦးစီးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး | ၉-၁-၂၀၂၃ ရက်နေ့ (၂၀:၁၅) အချိန်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း(၂၀)ဦးခန့်မှ ဆားလင်းကြီးမြို့နယ်ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။ |
| ၈ | ၁၂-၁-၂၀၂၃ | ရေစကြိုမြို့နယ် ဦးစီးမှူးရုံး၊ မကွေးတိုင်းဒေသကြီး | ၁၂-၁-၂၀၂၃ ရက်နေ့ (၀၁:၂၀) အချိန်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း(၂၀) ဦးခန့်မှ ရေစကြိုမြို့နယ်ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။ |
| ၉ | ၁၉-၁-၂၀၂၃ | မြင်းမူမြို့နယ် ဦးစီးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး | ၁၉-၁-၂၀၂၃ ရက်နေ့ (၁၉:၀၀) အချိန်တွင် PDF အကြမ်းဖက်အဖွဲ့မှ မြင်းမူမြို့နယ် ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။ |

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဌာနဆိုင်ရာရုံးများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**



မီးလောင်ဗုံးဖြင့် ပစ်ပေါက်မီးရှို့ဖျက်ဆီးခြင်းခံရသည့် ချင်းပြည်နယ် ဦးစီးမှူးရုံးအဆောက်အဦ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ကန်ပက်လက်မြို့နယ်ဦးစီးမှူးရုံး မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် တီးတိန်မြို့နယ် ဦးစီးမှူးရုံး အဆောက်အဦ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ဒီပဲယင်းမြို့နယ် ဦးစီးမှူးရုံး အဆောက်အဦ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် မြောင်မြို့နယ် ဦးစီးမှူးရုံး အဆောက်အဦ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် မြိုင်မြို့နယ် ဦးစီးမှူးရုံးအဆောက်အဦ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ဆားလင်းကြီးမြို့နယ် ဦးစီးမှူးရုံး အဆောက်အဦ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ရေစကြိုမြို့နယ် ဦးစီးမှူးရုံး အဆောက်အဦ မှတ်တမ်းဓာတ်ပုံ။



မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် မြင်းမူမြို့နယ် ဦးစီးမှူးရုံးအဆောက်အဦ မှတ်တမ်းဓာတ်ပုံ။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၉၂၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၉၂၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**ဥပဒေအရအရေးယူထား**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၇ ရက် ည ၈ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝိန်းကျောက်ရပ်ကွက်ရှိ ကားဂိတ်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ ဖရော်မိုင်(ခ)အားသို နှင့် ဇဒေါင်တို့နှစ်ဦးကို စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး အက်တက်စီဆေးပြား ၁၉၇၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ည ၉ နာရီတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက် ပါလျှံ(၂)လမ်းရှိ ကျိန်ရှန်မို(ခ) အားမှုံ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီဆေးပြား ၂၅၄၀၊ အက်တက်စီဆေးပြားအကြေ ဂရမ် ၆၀၀၊ ကက်တမင်း ၁ ကီလို၊ Happy Water အမှုန့် ၆ ဒသမ ၆ ကီလို အပါအဝင် ဆက်စပ်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၉၂၀၀ ကျော်တန်ဖိုးရှိ အက်တက်စီ ဆေးပြား ၄၅၁၀၊ အက်တက်စီဆေးပြားအကြေ ဂရမ် ၆၀၀၊ ကက်တမင်း ၁ ကီလို၊ Happy Water အမှုန့် ၆ ဒသမ ၆ ကီလို အပါအဝင် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့သုံးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ထိုင်းဝန်ကြီးချုပ် တရုတ်နှစ်သစ်ကူးနေ့ အခမ်းအနားတက်ရောက်

ဘန်ကောက် ဇန်နဝါရီ ၂၀




ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် ဇန်နဝါရီ ၁၉ ရက်က ရက်ချာဘူရီ ပြည်နယ်၌ ကျင်းပသော တရုတ်နှစ်သစ်ကူးနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တရုတ်ခရီးသွားများကို နွေးထွေးစွာ ကြိုဆိုလျက်ရှိကြောင်း ဖော်ပြခဲ့သည်။

အဖွင့်မိန့်ခွန်းတွင် ဝန်ကြီးချုပ် ပရာယွတ်က ထိုင်း-တရုတ်ချစ်ကြည်ရင်းနှီးမှုသည် ရာစုနှစ်များဆီသို့ ပြန်လည်ရောက်ရှိသွားကြောင်းနှင့် ထိုင်းပြည်သူများသည် တရုတ်နှစ်သစ်ကူးကို ရိုးရာမပျက် ကျင်းပခဲ့ကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်လိုက်ချိန်မှစကာ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးကို ရှေးရှုကာ နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံသည် မကြာသေးမီက ကိုဗစ်-၁၉ မူဝါဒကို ထိန်းညှိ လုပ်ဆောင်ခဲ့သည့်အတွက် တရုတ်ခရီးသွားများ ပြန်ဝင်လာတော့မည်ကို ထိုင်းပြည်သူများ ပြန်လည်မြင်တွေ့ကြရတော့မည် ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောသည်။

၎င်း၏ မိန့်ခွန်းအဆုံးတွင် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး လူတိုင်းလူတိုင်း သာယာပျော်ရွှင်ကံကောင်းပါစေကြောင်း ဆန္ဒပြုခဲ့သည်။

ဆင်ဟွာ

# တောင်ကိုရီးယားနိုင်ငံ၌ အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရန် အမိန့်ကို ဖြေလျှော့ပေးမည်

ဆိုးလ် ဇန်နဝါရီ ၂၀

တောင်ကိုရီးယားနိုင်ငံ၌ အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရမည့်အမိန့်ကို ယခုလကုန်တွင် အဆုံးသတ်ရန် အစီအစဉ်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်းမှာ သုံးပတ်ဆက်တိုက် ကျဆင်းလာသည်ဟု ဝန်ကြီးချုပ်ဟန်ဒေါ့ဆူက ဇန်နဝါရီ ၂၀ ရက်တွင်ပြုလုပ်သည့် လုပ်ငန်းအစည်းအဝေးတွင် ပြောသည်။ သေဆုံးသူအရေအတွက်နှင့် စိုးရိမ်ရသည့်လူနာအရေအတွက် အပါအဝင် ကိုဗစ်-၁၉ ကန့်သတ်ချက်ကို ဖြေလျှော့ပေးသည့် စံသတ်မှတ်ချက် လေးခုတွင် သုံးခုကို အကောင်အထည်ဖော်ပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆောက်အအုံအတွင်း ပါးစပ်၊ နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရမည့် သတ်မှတ်ချက်မှ နှာခေါင်းစည်းဝတ်ဆင်ရန် အကြံပြုချက်အဆင့်သို့ ဇန်နဝါရီ ၃၀ ရက်တွင် လျှော့ချသွားမည်ဟု ၎င်းက ပြောသည်။ သို့သော်လည်း ဆေးဘက်ဆိုင်ရာအဆောက်အအုံများနှင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးများတွင်မူ ပါးစပ်၊ နှာခေါင်းစည်းကို တပ်ဆင်ထားရန် လိုအပ်သေးသည်။ တောင်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့် စက်တင်ဘာလမှစတင်ကာ ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည့်အမိန့်ကို ဖြေလျှော့ပေးခဲ့သည်။

ယခုနောက်ဆုံးချမှတ်ထားသည့် ဆုံးဖြတ်ချက်အရ ပြည်သူများသည် အချို့သောနေရာများတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် လိုအပ်တော့မည်မဟုတ်ချေ။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းလူပေါင်း ၂၂၀၀ ကို စစ်တမ်းကောက်ယူမှုပြုလုပ်ရာ ၆၅ ရာခိုင်နှုန်းမှာ ပါးစပ်၊ နှာခေါင်းစည်း ဆက်လက်တပ်ဆင်လိုကြောင်း ဖြေကြားခဲ့သည် ဟု တောင်ကိုရီးယားမီဒီယာတစ်ခုတွင် ဖော်ပြသည်။

အင်န်အိတ်ချ်ကေ

# ၂၀၂၂ ခုနှစ်အတွင်း ဂျပန်နိုင်ငံ၏ လူဦးရေ ၀ ဒသမ ၄၃ ရာခိုင်နှုန်း လျော့နည်းလာ

တိုကျို ဇန်နဝါရီ ၂၀

ဂျပန်နိုင်ငံ၏ လူဦးရေသည် ၂၀၂၂ ခုနှစ်အတွင်း ၀ ဒသမ ၄၃ ရာခိုင်နှုန်း သို့မဟုတ် ၅၃၈၀၀၀ ဦးခန့် လျော့နည်းလာကြောင်း တရားဝင် ခန့်မှန်းချက်များက ဇန်နဝါရီ ၂၀ ရက်တွင် ဖော်ပြထားသည်။




၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်က ၁၂၅ ဒသမ ၁ သန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ဇန်နဝါရီ ၁ ရက်အထိ နိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၁၂၄ ဒသမ ၇၇ သန်းရှိကြောင်း ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ယာယီ အချက်အလက်များအရ သိရသည်။ အသက် ၆၅ နှစ်နှင့်အထက် လူပေါင်း ၃၆ ဒသမ ၂၁ သန်းရှိကြောင်း၊ အသက် ၁၅ နှစ်အောက်မှာ ၁၄ ဒသမ ၄၅ သန်းရှိကြောင်း နောက်ဆုံးစာရင်းများအရ သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် လာမည့်သီတင်းပတ် ပုံမှန်လွှတ်တော် အစည်းအဝေး၏ ဖွင့်ပွဲတွင် ၎င်း၏ မိန့်ခွန်းအတွင်း ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း လျော့နည်းလာခြင်းကို တိုက်ဖျက်ရန်အတွက် မူဝါဒများ ဖော်ဆောင်ရန် ရန်ပုံငွေရရှိရေး ကတိပြုခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်ရှိ ဂေါ်ယောင်းမြို့ပြင်ရပ်ကွက်၌ မီးလောင်နေမှုကို တွေ့ရစဉ်။

# တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ပြင်ရပ်ကွက် မီးလောင်မှုဖြစ်ပွားရာ လူပေါင်း ၅၀၀ ခန့် နေအိမ်မှ ပြောင်းရွှေ့ရ

ဆိုးလ် ဇန်နဝါရီ ၂၀

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော် မြို့ပြင်ရပ်ကွက် ဂေါ်ယောင်းတွင် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားသဖြင့် လူ ၅၀၀ ခန့်မှာ ၎င်းတို့ နေအိမ်မှ ပြောင်းရွှေ့ခဲ့ရကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

ဒေသစံတော်ချိန် နံနက် ၆ နာရီ ၂၇ မိနစ်ဝန်းကျင်တွင် မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။ မီးသတ်အာဏာပိုင်များနှင့် ရပ်ကွက်ရုံးမှ တာဝန်ရှိသူများက အိမ်ထောင်စု ၆၆၆ စုခန့်ရှိသည့် အဆိုပါ ရပ်ကွက်မှ ဒေသခံ ၅၀၀ ခန့်ကို နေရာပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ထိခိုက်သေဆုံးမှုများကို မသိရသေးကြောင်း၊ အိမ်ခြေ ၆၀ ခန့်မှာ မီးလောင်သွားပြီဟု ယူဆကြကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာနေရာသို့ ရဟတ်ယာဉ် ၁၀ စင်း၊ မီးသတ်ပစ္စည်းကိရိယာ ၆၁ ခု၊ ရဲအရာရှိများနှင့် မီးသတ်သမား ၅၀၀၊ တပ်မတော်သား ၁၀၀ စေလွှတ်ခဲ့သည်။ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# လူသေစေခဲ့သည့် ရိုက်ကွင်းအတွက် အမေရိကန်သရုပ်ဆောင် အဲလက်စ်ဘော်ဒွင် တရားစွဲဆိုခံရမည်

နယူးယောက် ဇန်နဝါရီ ၂၀

ရိုက်ကွင်းတစ်ခု၌ ရုပ်ရှင်ဓာတ်ပုံပညာရှင် အမျိုးသမီးတစ်ဦး သေနတ်ထိမှန် သေဆုံးခဲ့မှုအတွက် အမေရိကန်သရုပ်ဆောင် အဲလက်စ်ဘော်ဒွင်ကို တရားစွဲဆိုသွားမည်ဟု အမေရိကန် အစိုးရရှေ့နေများက ပြောသည်။ အဆိုပါဖြစ်ရပ်မှာ ၂၀၂၁ ခုနှစ် အောက်တိုဘာလအတွင်းက အမေရိကန်ပြည်ထောင်စု နယူးမက္ကဆီကိုပြည်နယ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး "Rust" ရုပ်ရှင်အတွက် အစမ်းလေ့ကျင့်သရုပ်ဆောင်စဉ် ဘော်ဒွင်က သေနတ်ကို မတော်တဆ ပစ်ခတ်ခဲ့မိခြင်းဖြစ်သည်။




အမေရိကန် သရုပ်ဆောင်အဲလက်စ် ဘော်ဒွင်။

သက်သေအထောက်အထားများ လုံလောက်သည်ဟုယူဆသည့်အတွက် ဘော်ဒွင်ကို မတော်တဆ လူသတ်မှုဖြင့် တရားစွဲဆိုသွားမည်ဟု ဒေသခံအစိုးရရှေ့နေများက ဇန်နဝါရီ ၁၉ ရက်တွင် ပြောသည်။ ဘော်ဒွင်၏ ရှေ့နေကမူ အစိုးရရှေ့နေများ၏ ဆုံးဖြတ်ချက်မှာ တရားမျှတမှုကို ဆိုးရွားစေသည်ဟု ပြောကြားခဲ့သည်။ ရုပ်ရှင်ရိုက်ကွင်းအတွင်း သေနတ်အစစ်တစ်လက်ရှိနေသည်ကို ဘော်ဒွင် မသိခဲ့ဟု ၎င်းက ပြောသည်။

ဘော်ဒွင်မှာ ၁၉၉၀ ပြည့်နှစ်က ရုပ်ရှင် The Hunt for Red October တွင် လူသိများကျော်ကြားခဲ့ပြီး ရုပ်သံဟာသရှိုးပွဲတွင် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်အဖြစ် သရုပ်ဆောင်မှုအတွက်လည်း နာမည်ကြီးသူဖြစ်သည်။ အင်န်အိတ်ချ်ကေ

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိ

**(၂၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲ စစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၄၂၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၀၂,၀၆၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၉၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၃၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာ ကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သောလက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၈၅ | ၂၆၂၀ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၁၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၇၀၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၆၈ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (50 ppm) | ၂၄၃၆ | ၂၅၁၄ |
| HSD (10 ppm) | ၂၄၃၆ | ၂၅၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆


၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# စစ်ပွဲတွေရပ်

**မောင်ကမ္ဘာ**

**ကမ္ဘာပေါ်မှာ စစ်မဖြစ်တဲ့နေ့ရယ်လို့ မရှိဘူးလို့ ငြိမ်းချမ်းရေးလိုလားသူတွေက ထောက်ပြလေ့ရှိတယ်။ ဒါပေမယ့် စစ်လိုလားသူ စစ်ဝါဒီတွေ၊ စစ်ပွဲတွေကတစ်ဆင့် တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်ပြီး အကျိုးအမြတ်ကြီးကြီးရရှိခံစားနေကြသူတွေကြောင့် စစ်ဆန့်ကျင်သူတွေ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားသူပြည်သူတွေရဲ့ အသံက ထင်တိုင်း မပေါက်ခဲ့ပါဘူး။**



၁၉၇၁ ခုနှစ် မေ ၁ ရက်က ဝါရှင်တန်ဒီစီ၌ ထောင်နှင့်ချီသော စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများ ဗီယက်နမ်စစ်ပွဲကို ဆန့်ကျင်ဆန္ဒပြရန် စုဝေးစဉ်။

**စစ်ပွဲရဲ့နောက်ကွယ်က လက်မည်းကြီးတွေ**

စစ်လိုလားသူ စစ်ဝါဒီတွေဟာ ငြိမ်းချမ်းရေးကို လိုလားသူတို့ရဲ့ သဘောထားအမှန်၊ ဆန္ဒအသံတွေကို ကမ္ဘာ့မြင်ကွင်းမှာ ဘယ်သောအခါကမှ ထင်ထင်ပေါ်ပေါ်ပြောဆိုခွင့် မပေးခဲ့ပါဘူး။ အမြဲတမ်းတိုးတိတ် ပျောက်ကွယ်သွားအောင် ကြိုးပမ်းလေ့ရှိပါတယ်။

ဗီယက်နမ်စစ်ပွဲကာလမှာ စစ်ဆန့်ကျင်ရေးအင်အားစုတွေ၊ ငြိမ်းချမ်းရေးကို လိုလားသူပြည်သူတွေရဲ့ ဗီယက်နမ်စစ်ဆန့်ကျင်ရေး ဆန္ဒပြလှုပ်ရှားမှုကို နစ်ဆင်အစိုးရက တားဆီးအရေးယူခဲ့တာပါပဲ။ ၁၉၇၁ ခုနှစ် မေ ၁ ရက် ဝါရှင်တန်လူထု ဆန္ဒပြပွဲကြီးမှာ ဆန္ဒပြသူတစ်ထောင်ကျော်ကို ဖမ်းဆီးခဲ့ရုံမက မေ ၂ ရက်မှာ ဆက်လက်ကျင်းပတဲ့ ကင့်မြို့ တက္ကသိုလ်ကျောင်းသားထု ဆန္ဒပြပွဲကိုလည်း ရဲတပ်ဖွဲ့က ဖြိုခွင်းရာမှာ ကျောင်းသားလေးဦး သေဆုံးခဲ့ပါတယ်။ ငြိမ်းချမ်းရေးကို လိုလားတဲ့ စိတ်ဆန္ဒအာသီသနဲ့ ဆန္ဒပြနေကြတဲ့ တက္ကသိုလ်ကျောင်းသားတွေကို သမ္မတနစ်ဆင်ကိုယ်တိုင်က “အလကား ဂျပိုးတေလေလေးတွေပါ”လို့ မှတ်ချက်ပြုလိုက်တဲ့အတွက် ဗီယက်နမ်စစ်ပွဲဆန့်ကျင်ရေး ကျောင်းသားဆန္ဒပြမှုက ပိုမိုပြင်းထန်သွားခဲ့ပါတယ်။

၁၉၈၀ ကျော်လွန် နှစ်များအတွင်းကလည်း ပြင်သစ်နိုင်ငံရဲ့ရေအောက် နျူကလီးယား စမ်းသပ်ဖောက်ခွဲမှုကို ဆန့်ကျင်ဆန္ဒပြဖို့ ပြင်ဆင်နေတဲ့ Green Peace အဖွဲ့ပိုင် မော်တော်ဘုတ်တစ်စင်းဟာ အမည်မသိအဖွဲ့ရဲ့ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ဆိပ်ကမ်းမှာတင် ပေါက်ကွဲပျက်စီးသွားခဲ့ရပါတယ်။

သို့ဖြစ်လင့်ကစား ၂၀၀၅ ခုနှစ်မှာ ဒါရိုက်တာ Andrew Niccol ရိုက်ကူးပြီး ဟောလီးဝုဒ် နာမည်ကျော်သရုပ်ဆောင် Nicolas Cage ပါဝင်သရုပ်ဆောင်တဲ့ “Lord of war” ရုပ်ရှင်ဇာတ်ကားကိုတော့ တားဆီးလို့မရခဲ့ပါဘူး။ ဒီဇာတ်ကားကြောင့် ကမ္ဘာ့ပြည်သူအများစုဟာ စစ်ပွဲရဲ့နောက်ကွယ်က လက်မည်းကြီးတွေကို ဆဝါးတွေ့မြင်လာခဲ့ကြပါတယ်။

ဒီဇာတ်ကားမှာ နီကိုလာ့စ်ကေ့ချ်ဟာ လက်နက်ကုန်သည် ယူရီအောလောဗ်အဖြစ် သရုပ်ဆောင်ခဲ့တယ်။ ယူရီဟာ မိမိချမ်းသာကြွယ်ဝရေးအတွက် ကနဦးမှာ မြို့ပေါ်က ဂိုဏ်းစတားတွေကို သေနတ်တွေရောင်းချပေးခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ စစ်ဘုရင်တွေ၊ ပြိုင်ဘက်စစ်အုပ်စုတွေပါမကျန် လက်နက်ခဲယမ်း အမြောက်အမြားကို သယ်ယူပို့ဆောင်ရောင်းချခဲ့ပါတယ်။

ယူရီရဲ့ဘယ်သူသေသေ ငတေမာပြီးရောလုပ်ရပ်ကို အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့မှ ရဲမှူးဂျက်က ခြေရာခံမိပြီး ဖမ်းဆီးတဲ့အခါမှာတော့ ယူရီက “ငါတရားရုံးကိုရောက်မှာ မဟုတ်ဘူး။ ဒီအမှုကို ပေါ်အောင်လုပ်နိုင်လို့ မင်းထက်ရာထူးမြင့်တဲ့သူက မင်းကို ချီးကျူးစကားပြောပြီး ရာထူးတိုးပေးမယ်။ ပြီးတော့ ငါ့ကိုလွှတ်လိုက်လို့ပြောလိမ့်မယ်။ တကယ်တော့ မင်းတို့ရဲ့သူဌေးကမှ တကယ့်ကမ္ဘာ့အကြီးဆုံး လက်နက်ကုန်ကူးတဲ့သူပါ။ အမေရိကန်သမ္မတကြီး ပေါ့ကွာ။ သူတစ်ရက်ကုန်ကူးတဲ့ လက်နက်တွေက ငါ့ရဲ့တစ်နှစ်စာထက် ပိုများတယ်။ တစ်ခါတလေ သေနတ်တွေပေါ်မှာ သူ့လက်ဗွေရာပါသွားရင် ဖြေရှင်းရခက်မှာစိုးလို့ ငါ့လို ကုန်ကူးတဲ့လူရဲ့ အကူအညီယူပြီး သူမပို့နိုင်တဲ့ နိုင်ငံတွေကို ရောက်အောင် ငါက ပို့ပေးရတယ်။ ဒါကြောင့် ငါက မရှိရင်မဖြစ်တဲ့ “မကောင်းဆိုးရွားတစ်ကောင်ပါ”လို့ ပြောခဲ့ပါတယ်။ သူပြောတဲ့အတိုင်း ယူရီဟာ တကယ်လည်းလွတ်လာခဲ့ပြီး လက်နက်ကုန်သည် အလုပ်ကိုပဲ ဆက်လက်လုပ်ကိုင်ခဲ့ပါတယ်။

**နယ်စည်းမခြားတဲ့ လက်နက်တင်ပို့မှု**

“Lord of War” နာမည်ကျော် ဇာတ်ကားအတိုင်းပါပဲ။ လွန်ခဲ့တဲ့ဆယ်စုနှစ်များက ဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေကို လေ့လာကြည့်ရင် နောက်ကွယ်က လက်နက်ကုန်သည်နိုင်ငံကြီးများရဲ့ နယ်စည်းမခြားတဲ့ လက်နက်တင်ပို့မှု လက်စလက်နခြေရာတွေကို တွေ့မြင်နိုင်ပါလိမ့်မယ်။

၁၉၇၉–၈၀ ကျော်လွန် နှစ်များအတွင်းက ဖြစ်ပွားခဲ့တဲ့ အီရန်– အီရတ်စစ်ပွဲမှာ အမေရိကန်ဦးဆောင်တဲ့ အနောက်နိုင်ငံအချို့က အီရတ်ကို ထောက်ခံပြီး လက်နက်တွေ အကြီးအကျယ်တင်ပို့ခဲ့ပါတယ်။ ပြင်သစ်ဆိုရင် ထိုစဉ်က သူ့ရဲ့နောက်ဆုံးပေါ် အိတ်ဇိုးဇေ သင်္ဘောဖျက်ဒုံးကျည်တွေကိုပါ ထောက်ပံ့ရောင်းချခဲ့ပါတယ်။

တကယ်တော့ အီရန်– အီရတ်စစ်ပွဲရဲ့အစက ဆက်ဒမ်ဟူစိန်ဦးဆောင်တဲ့ အီရတ်ရဲ့ ကျူးကျော်မှုကြောင့် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။ သို့သော် အီရန်ဟာ အမေရိကန် လိုလားတဲ့ ရှားဘုရင်ပြုတ်ကျပြီး ရန်သူတော်အဖြစ် သတ်မှတ်ထားတဲ့ ဘာသာရေးအဖွဲ့ခေါင်းဆောင် အယာတိုလာခိုမေနီ ဦးဆောင်တဲ့ အစိုးရဖြစ်နေခဲ့လို့ အီရတ်ဟာ ကျူးကျော်သူအဖြစ် သတ်မှတ်ခြင်းမခံရဘဲ အီရန်ရဲ့ အစ္စလာမ္မစ်တော်လှန်ရေး တင်ပို့ကုန်ကို ကြံ့ကြံ့ခံကာကွယ်မယ့် အရှေ့အလယ်အပိုင်းက တပ်ဦးအဖြစ် ရှုမြင်သတ်မှတ်ခြင်းခံရပြီး အထောက်အပံ့ အကူအညီများစွာ ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဒါပေမယ့် အီရန်–အီရတ်စစ်ပွဲ နှောင်းပိုင်းကာလ ၁၉၈၆–၈၇ ခုနှစ်များမှာတော့ သမ္မတရီဂင်အစိုးရဟာ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မှာ အဖမ်းခံနေရတဲ့ အမေရိကန် ဓားစာခံတွေပြန်လည်လွှတ်မြောက်ဖို့ အတွက် အီရန်နဲ့အပေးအယူလုပ်ပြီး အီရန်က လိုအပ်နေတဲ့ လက်နက်ခဲယမ်းနဲ့စစ်လက်နက်အပိုပစ္စည်းတွေကို လျှို့ဝှက်ရောင်းချပေးခဲ့တယ်။ အဲဒီက ရရှိတဲ့ငွေကြေးအချို့ကိုလည်း အလယ်ပိုင်းအမေရိကက နီကာရာဂွါနိုင်ငံ လက်ဝဲအစိုးရကိုဆန့်ကျင်တိုက်ခိုက်နေတဲ့ ကွန်ထရာသူပုန်တွေကို တရားမဝင်လွှဲပြောင်း ပေးပို့ခဲ့ပါတယ်။ ကွန်ထရာသူပုန်တွေကို ရီဂင်အစိုးရက အကူအညီမပေးဖို့ အမေရိကန် အထက်လွှတ်တော်က တားမြစ်ပိတ်ပင်ထားတဲ့ကြားက ယခုလို တရားမဝင်လွှဲပြောင်းပေးအပ်ခဲ့လို့ အတိတ်က သမ္မတနစ်ဆင်ရဲ့ဝါးတားဂိတ်ပြဿနာနဲ့နှိုင်းယှဉ်ပြီး အီရန်ဂိတ်ခေါင်းစဉ်နဲ့ ဟိုးလေးတကျော်ကျော် ပြဿနာဖြစ်ခဲ့ပါတယ်။ အိမ်ဖြူတော်က ထိပ်တန်းအရာရှိနှစ်ဦးက ခေါင်းခံပေးခဲ့ပြီး ရာထူးကနုတ်ထွက်ပေးခဲ့တဲ့အတွက် ရီဂင်အစိုးရဟာ သက်သာရာရရှိခဲ့ခြင်း ဖြစ်ပါတယ်။

၁၉၉၀–၉၁ ခုနှစ်မှာ ဆက်ဒမ်ဟူစိန်ရဲ့ အီရတ်ဟာ ကူဝိတ်ကို ထပ်မံကျူးကျော် ဝင်ရောက်တိုက်ခိုက်ချိန်မှာတော့ ကမ္ဘာ့အခင်းအကျင်းဟာ ပြောင်းပြန်ဖြစ်သွားခဲ့ပါတယ်။ ရေနံသယံဇာတပေါ်ကြွယ်ဝတဲ့ ကူဝိတ်နဲ့ ဆော်ဒီအပါအဝင် အရှေ့အလယ်ပိုင်းက မဟာမိတ်တွေကို ကာကွယ်ပေးဖို့ အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံတွေဟာ အီရတ်နဲ့ ဆက်ဒမ်ဟူစိန်ကို ရန်သူတော်ကြီးအဖြစ် စာရင်းသွင်းပြီး ပင်လယ်ကွေ့စစ်ပွဲကို ဆင်နွှဲခဲ့ပြန်ပါတယ်။ ၂၀၀၃ ခုနှစ်မှာတော့ တားမြစ်ထားတဲ့ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေမယ့် WMD လက်နက်တွေ ထုတ်လုပ်အသုံးပြုနေတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အမေရိကန်နဲ့ အပေါင်းပါနိုင်ငံအချို့ဟာ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက် တိုက်ခိုက်ပြီး ဆက်ဒမ်ဟူစိန် အစိုးရကို ဖြုတ်ချခဲ့ပါတယ်။

အလားတူပဲ ၁၉၇၉ ခုနှစ် အာဖဂန်စစ်ပွဲမှာ ဆိုဗီယက်တွေကို ခုခံတွန်းလှန်တိုက်ခိုက်နေတဲ့ အိုစမာဘင်လာဒင်ရဲ့ အယ်လ်ကေဒါအဖွဲ့တွေကို အမေရိကန်က အာဖဂန်မူဂျာဟစ် (ဘာသာရေးစစ်သည်)များရယ်လို့ ထောက်ခံပြီး စတင်ဂါရော့ကတ်တွေကအစ ပံ့ပိုးထောက်ပံ့ပေးခဲ့ပေမယ့် ၉/၁၁ အကြမ်းဖက်မှု နောက်ပိုင်းမှာတော့ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ပြီး အိုစမာဘင်လာဒင်ကို ဇာတ်သိမ်းအောင်ချေမှုန်း သုတ်သင်ခဲ့ပြန်ပါတယ်။

**စစ်လိုလားသူတွေ ကမ္ဘာကို ကြီးစိုးနေသမျှ**

မျက်မှောက်ကာလမှာလည်း ယူကရိန်းအရေး၊ ထိုင်ဝမ်ရေလက်ကြားတင်းမာမှု အရေးတွေနဲ့ ကမ္ဘာကြီးဟာ ဆူပွက်နေပါတယ်။ လတ်တလောမှာ အမေရိကန်နဲ့အပေါင်းအပါနိုင်ငံအချို့ဟာ အတိတ်ကာလက ဆိုဗီယက်ပြည်ထောင်စုကို အာဖဂန်စစ်ပွဲမှာ စစ်နွံနစ်ပြီး ချုံးချုံးကျသွားသလိုမျိုး ရုရှားကိုလည်း ယူကရိန်းစစ်ပွဲမှာ စစ်နွံနစ်နေအောင် ယူကရိန်းကို စစ်လက်နက်ပစ္စည်းတွေ အလုံးအရင်းနဲ့ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ယခုရက်ပိုင်းအတွင်းမှာပဲ ပိုလန်နဲ့လစ်သူရေးနီးယားကို ထောင်နဲ့ချီတဲ့ တင့်ကား စစ်ယာဉ်ယန္တရားတွေကို ပေးပို့ခဲ့ပါတယ်။ ငြိမ်းချမ်းရေးကိုလိုလားတဲ့ ကမ္ဘာ့ပြည်သူအပေါင်းကတော့ ယူကရိန်းစစ်ပွဲ စစ်ဘောင်ကျယ်ပြန့်လာသည်နှင့်အမျှ အင်အားကြီးနိုင်ငံအချင်းချင်း ထိပ်တိုက်ရင်ဆိုင်တွေ့ပြီး နျူကလီးယားစစ်ပွဲအထိ ဆိုက်ရောက်သွားမယ့်အရေးကို တွေးပြီးရင်တမမ ဖြစ်နေကြရဆဲပါ။

တစ်ဖက်မှာလည်း အမေရိကန်ဟာ သူနဲ့စစ်ရေး၊ စီးပွားရေးမှာ ပခုံးချင်းယှဉ်လာတဲ့ တရုတ်နိုင်ငံ ကို ပစ်မှတ်တစ်ခုအဖြစ်သတ်မှတ်ပြီး ထိုင်ဝမ်ရေလက်ကြားအရေးကို ပြဿနာမကြီးကြီးအောင် ဆွပေးလျက်ရှိပါတယ်။ ထိုင်ဝမ်ရေလက်ကြားအရေးတင်းမာမှု မြင့်တက်လာချိန်မှာတော့ ထိုင်ဝမ်ကို တန်ဖိုးဘီလီယံနဲ့ချီတဲ့ စစ်လက်နက်အများအပြား တင်ပို့ရောင်းချပေးခဲ့ပြန်ပါတယ်။

ဒါဆိုရင် စစ်လိုလားသူတွေ၊ စစ်ဝါဒီတွေ၊ စစ်ဘုရင်တွေနဲ့ စစ်ပွဲကတစ်ဆင့် တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်ပြီး အကျိုးစီးပွားဖြစ်ထွန်းနေသူတွေ ကမ္ဘာကို ကြီးစိုးနေသမျှ ကမ္ဘာ့တင်းမာမှုလျော့ကျရေး၊ စစ်ပွဲတွေ ရပ်တန့်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး မျှော်မှန်းချက်ကတော့ အခက်အခဲတွေဖြစ်ပေါ်နေဦးမှာပဲ။

ဒါကြောင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးတွေအနေနဲ့ ရေကိုသား၍ ကြားမထင်၊ ရေပက်မဝင်နိုင်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို အစဉ်ထာဝရ တောင့်တင်းခိုင်မာအောင် ကြံဆောင်လုပ်ကိုင်နိုင်ဖို့ လိုအပ်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

- **မျက်မှောက်ကာလမှာလည်း ယူကရိန်းအရေး၊ ထိုင်ဝမ်ရေလက်ကြားတင်းမာမှု အရေးတွေနဲ့ ကမ္ဘာကြီးဟာ ဆူပွက်နေပါတယ်။ လတ်တလောမှာ အမေရိကန်နဲ့ အပေါင်းအပါနိုင်ငံအချို့ဟာ အတိတ်ကာလက ဆိုဗီယက်ပြည်ထောင်စုကို အာဖဂန်စစ်ပွဲမှာ စစ်နွံနစ်ပြီး ချုံးချုံးကျသွားသလိုမျိုး ရုရှားကိုလည်း ယူကရိန်းစစ်ပွဲမှာ စစ်နွံနစ်နေအောင် ယူကရိန်းကို စစ်လက်နက်ပစ္စည်းတွေအလုံးအရင်းနဲ့ ထောက်ပံ့ပေးလျက်ရှိ**
- **စစ်လိုလားသူတွေ၊ စစ်ဝါဒီတွေ၊ စစ်ဘုရင်တွေနဲ့ စစ်ပွဲကတစ်ဆင့် တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်ပြီး အကျိုးစီးပွားဖြစ်ထွန်းနေသူတွေ ကမ္ဘာကို ကြီးစိုးနေသမျှ ကမ္ဘာ့တင်းမာမှုလျော့ကျရေး၊ စစ်ပွဲတွေ ရပ်တန့်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး မျှော်မှန်းချက်ကတော့ အခက်အခဲတွေဖြစ်ပေါ်နေဦးမှာပဲ**

# သုတေသန ဆိုသည်မှာ

ဒေါက်တာသိန်းဦး

**သုတေသနဆိုပြီး ပြောနေကြဆိုနေကြတာကို နားရည်ဝနေကြမယ် ထင်ပါတယ်။ သုတေသနဆိုတာ ဘာလဲ။ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ထားတဲ့ မြန်မာအဘိဓာန် (၂၀၁၃) ထဲမှာ ဖွင့်ဆိုထားတာကတော့ "တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ်သိရန် စူးစမ်းရှာဖွေခြင်း" လို့ တွေ့ရပါတယ်။**

> ❍ **အသေးစား၊ အလတ်စားနဲ့ အကြီးစားလုပ်ငန်းရှင်တွေဟာ တက္ကသိုလ်တွေမှ ထွက်လာတဲ့ သုတေသနရလဒ်တွေအပေါ် အထင်ကြီးလေးစားသမှုနဲ့ တိုင်းပြည်အတွက် စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ အတူပူးပေါင်းဆောင်ရွက်ကြဖို့ တက္ကသိုလ်တွေကို အစဉ်တစိုက် ချဉ်းကပ်လာကြရအောင် သုတေသနတွေကို ပြုလုပ်နေကြရမှာပဲ ဖြစ်ပါတယ်။ သုတေသနတွေ အားကောင်းလာတာနဲ့အမျှ ဘာသာရပ်ဆိုင်ရာမှာရော၊ တိုင်းပြည်နဲ့ လူမျိုးအတွက်ရော ဖွံ့ဖြိုးတိုးတက်မှုတွေ အားကောင်းပြီး ကောင်းကျိုးတွေ စံစားကြရမှာသည် ကေန်မလွဲပဲ ဖြစ်ပါတယ်**

သုတေသီတစ်ယောက်ဟာ သုတေသနကို ဘာကြောင့် ဆောင်ရွက်ပါသလဲ။ မသိရှိရသေးတဲ့ တစ်စုံတစ်ခုကို ခြေခြေမြစ်မြစ် သိရှိအောင်လို့ ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ကိုယ်တိုင် သိရှိပြီးရင်ရော ဘာတွေဆက်လက်လုပ်ကိုင် ဆောင်ရွက်ကြပါသလဲ။ စူးစမ်းရှာဖွေခြင်းက သိရှိလာတာတွေကို အများသိရှိရအောင် မျှဝေကြတဲ့အလုပ်ကို လုပ်ကြပါတယ်။ မျှဝေကြတဲ့နေရာမှာတော့ နည်းလမ်းပေါင်းများစွာနဲ့ လုပ်ကိုင်ဆောင်ရွက်ကြပါတယ်။ ဥပမာ– သုတေသနစာတမ်းဖတ်ပွဲတွေမှာ ဖတ်ကြားပြီး မျှဝေမယ်၊ စာအုပ်စာတမ်းတွေ ထုတ်ဝေပြီး မျှဝေမယ် စသည်ဖြင့် မျှဝေကြတာပါပဲ။ တစ်နည်းအားဖြင့် ပြောရရင်တော့ အများမသိရှိသေးတာကို အများသိရှိရလေအောင် ကြိုးစားရှာဖွေပြီး မျှဝေတယ်ဆိုတာ အင်မတန်ကောင်းတဲ့ အလုပ်တစ်ခုပါပဲ။

သမိုင်းဆရာကြီးတစ်ဦး ပြောဖူးတာလေးကို အမှတ်ရမိပါတယ်။ ဆရာကြီးက ဘာပြောဖူးသလဲဆိုတော့ "သုတေသနအလုပ်ဟာ ဘုရားလောင်းရဲ့ အလုပ်ပဲကွ" လို့ ပြောဖူးပါတယ်။ ဘုရားလောင်းဟာ ကိုယ်တိုင်ရော လူအများရော မသိသေးတာကို ကြိုးစားပြီး ရှာဖွေပါတယ်။ ကိုယ်တိုင် သိရှိလာပြီဆိုတော့လည်း အများသိရှိရလေအောင် ဝေငှပါတယ်။ အင်မတန်မှ မွန်မြတ်လှတဲ့အလုပ်ပဲ ဖြစ်ပါတယ်။

ပြည်တွင်းမှာ ပါရဂူဘွဲ့တွေ စပေးတော့ စောစောပိုင်းမှာ ပါရဂူဘွဲ့အတွက် ကြိုးစားကြတဲ့ သူတွေအပေါ် ပြစ်တင်ဝေဖန်မှုတွေ များစွာပဲ ရှိခဲ့ပါတယ်။ နောက်တော့ ပညာရေးမူဝါဒအရ ပါရဂူဘွဲ့ရပြီးတဲ့သူတွေမှ ရာထူးတိုးပေးမယ် ဆိုတော့ ပါရဂူဘွဲ့ကို လိုက်လုပ်လိုက်ကြတာ အပြိုင်အဆိုင်ပါပဲ၊ နောက်တစ်ခါ ပညာရေးမူဝါဒက ရာထူးတိုးကို သုတေသနစာတမ်းတွေနဲ့ အကဲဖြတ်မှာပါလည်းဆိုလိုက်ရော သုတေသနစာတမ်းတွေကို တရားတဲ့နည်းနဲ့ရော မတရားတဲ့နည်းတွေနဲ့ရော လုပ်လာကြပြန်ပါတယ်။

## တက္ကသိုလ်တစ်ခုရဲ့ အသက်

"သုတေသနဟာ တက္ကသိုလ်တစ်ခုရဲ့ အသက်" လို့ ပြောကြပါတယ်။ အမှန်ပါပဲ။ သုတေသန မရှိတဲ့ တက္ကသိုလ်ဆိုတာ မရှိပါဘူး။ တက္ကသိုလ်တွေဟာ ဘာသာရပ်စာပေ သင်ကြားရေးသာမက သုတေသနတွေကိုပါ စဉ်ဆက်မပြတ် လုပ်ဆောင်နေကြရမှာပဲ ဖြစ်ပါတယ်။ ရရှိလာတဲ့ သုတေသန ရလဒ်တွေကိုလည်း အများသူငှာ သိရှိနားလည်စေဖို့ ဝေမျှဖို့တာဝန်ရှိပါတယ်။ ဝိဇ္ဇာဘာသာရပ်မှာ အသစ်တွေ့ရှိမှု ဘာတွေရှိနေသလဲ၊ သိပ္ပံဘာသာရပ်မှာရော အသစ်တွေ့ရှိမှု ဘာတွေရှိနေပါသလဲ။ ဝိဇ္ဇာဘာသာရပ်သမားရော၊ သိပ္ပံဘာသာရပ်သမားရောဟာ တွေ့ရှိမှုအသစ်တွေကို သိရှိနားလည်နေစေရမှာပဲ ဖြစ်ပါတယ်။ ဒါမှသာလျှင် တက္ကသိုလ်ပြင်ပက ပုဂ္ဂိုလ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရာမှာ မိမိတက္ကသိုလ်ရဲ့ အသစ်အသစ်သော တွေ့ရှိမှုတွေကို ပြောဆိုပြနိုင်ပြီး တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် လက်တွဲ ဆောင်ရွက်နိုင်မှာပဲ ဖြစ်ပါတယ်။ ဘာကိုမှ နားလည်အောင် သိရှိမထားရင်တော့ ဘာအကျိုးရလဒ်မှ ထွက်ပေါ်လာမှာ မဟုတ်ပါဘူး။ ဘာသာရပ်အားလုံးကို ကျွမ်းကျင်နေရမယ်လို့ ဆိုလိုခြင်းမဟုတ်ပါဘူး။ ဘာသာရပ်အားလုံးမှာ ဘာသုတေသနတွေလုပ်ထားတယ်၊ ဘယ်လိုအကျိုးရလဒ်တွေ ရရှိထားတယ်ဆိုတာလောက်ကတော့ သိရှိနားလည်ထားစေဖို့ပါပဲ။

မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေက သုတေသီတွေအတွက် သုတေသနစာတမ်းဖတ်ပွဲတွေ အများအပြားပဲ ဖိတ်ခေါ်ပြီး ကျင်းပပေးနေတာကို တွေ့ကြရမှာပါ။ အဆင့်မြင့်ဦးစီးဌာနအနေနဲ့ရော၊ ပညာရေးဝန်ကြီးဌာနအနေနဲ့ရော အစိုးရအဆက်ဆက် အစဉ်တစိုက်လည်း အားပေးလျက်ရှိပါတယ်။ သုတေသနနဲ့ ပတ်သက်ပြီး ငွေကြေးအများအပြားလည်း ကုန်ကျခံရွက်ဆောင်ပေးနေပါတယ်။ အများသူငှာ သိရှိနားလည်ဖို့ မျှဝေရန်အလို့ငှာ ကျင်းပပေးနေတဲ့ သုတေသနစာတမ်းဖတ်ပွဲတွေအနေနဲ့ကတော့ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်အသီးသီးမှာ တက္ကသိုလ်တွင်း သုတေသနစာတမ်းဖတ်ပွဲတွေ ရှိပါတယ်၊ သုတေသနစာတမ်းဖတ်ပွဲက ရလဒ်တွေကိုလည်း သက်ဆိုင်ရာတက္ကသိုလ်အလိုက် သုတေသနဂျာနယ်တွေ ထုတ်ဝေနေတာ ရှိပါတယ်။ ဝိဇ္ဇာ/သိပ္ပံပညာရှင်များအဖွဲ့က နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ (MAAS) စာတမ်းဖတ်ပွဲတွေရှိပါတယ်၊ နှစ်စဉ်သုတေသနဂျာနယ်တွေ ထုတ်ဝေနေပါတယ်။ တက္ကသိုလ်များ သုတေသနဂျာနယ် (URJ) ဆိုပြီး ထုတ်ဝေနေတာတွေ ရှိပါတယ်။ မြန်မာနိုင်ငံ သမိုင်းသုတေသနကော်မရှင်မှ ထုတ်ဝေနေတဲ့ ဂျာနယ် (UHRJ) ဆိုပြီး ရှိပါတယ်။ မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်ထားတဲ့ အခြားသော တက္ကသိုလ်တွေမှာလည်း သုတေသနစာတမ်း ဖတ်ပွဲတွေနဲ့ သုတေသနဂျာနယ်တွေ ထုတ်ဝေနေကြပါတယ်။ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ် ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲများနဲ့ ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။

## အနှစ်သာရ ပြည့်ဝ

ဝိဇ္ဇာ/သိပ္ပံပညာရှင်များအဖွဲ့က နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ (MAAS) စာတမ်းဖတ်ပွဲဟာ ထင်ရှားတဲ့ သုတေသနစာတမ်းဖတ်ပွဲတစ်ခုပဲ ဖြစ်ပါတယ်။ အနှစ်သာရ ပြည့်ဝတဲ့ သုတေသနစာတမ်းတွေကို ထုတ်ဝေလျက်ရှိပါတယ်။ ယခင်က စာတမ်းဖတ်ကြားသောသူများအားလုံးရဲ့ သုတေသနစာတမ်းတွေကို ပုံနှိပ်ထုတ်ဝေပါတယ်။ နောက်တော့ စိစစ်ရွေးချယ်ပြီးသား သုတေသနစာတမ်းများကိုသာ ဖတ်ကြားခိုင်းပြီး ပုံနှိပ်ထုတ်ဝေပါတယ်။ နောက်တော့တစ်ခါ ဖတ်ကြားလိုသူတွေအားလုံးကို ဖတ်ကြားခွင့်ပြုပြီးမှ စိစစ်ရွေးချယ်ပြီး ပုံနှိပ်ထုတ်ဝေပါတယ်။ ဖတ်ကြားသူအားလုံးကို ပုံနှိပ်ဖော်ပြခြင်း မပြုတော့ပါ။ မည်သူက ပုံနှိပ်ထုတ်ဝေရန် စိစစ်ရွေးချယ်ပေးသည်ကိုတော့ မသိရှိရပါ။

ပြောချင်တာက ဝိဇ္ဇာ/သိပ္ပံပညာရှင်တွေအဖွဲ့ရဲ့ သုတေသနစာတမ်းဖတ်ပွဲလေးအကြောင်း စပြောပါမယ်။ ဝိဇ္ဇာ/သိပ္ပံပညာရှင်တွေအဖွဲ့ရဲ့ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားပြီးတာနဲ့ မိမိတို့ဘာသာရပ်အလိုက် မိမိတို့ဌာနမှာပဲ သုတေသနစာတမ်းတွေကို ဖတ်ကြားကြရပါတယ်။ ဝိဇ္ဇာဘာသာရပ်တွေမှာတော့ စာတမ်းရှင်တွေဟာ အင်္ဂလိပ်လို ဖတ်ကြားတာတွေ ရှိသလို၊ မြန်မာလို ဝေါဟာရကွယ်ကွယ်ဝဝနဲ့ ဖတ်ကြားကြတာတွေလည်း ရှိပါတယ်။ မိခင်ဘာသာစကားနဲ့ ဖတ်ကြားတဲ့ သုတေသနစာတမ်းတွေဟာ အများနားလည်ကြတာမို့ မေးခွန်းတွေမေးကြ၊ ဖြေကြ၊ အကြံပေးတိုက်တွန်းကြနဲ့ အင်မတန်ပျော်ရွှင်စရာ ကောင်းပါတယ်။ အင်္ဂလိပ်လို ဖတ်ကြတဲ့ စာတမ်းတွေမှာတော့ စာတမ်းဖတ်ပွဲဟာ နည်းနည်းလေး လေးနေတာကို တွေ့ရှိရပါတယ်။ အများသူငှာ သိရှိစေလိုတဲ့အတွက် မျှဝေတာမို့ အများနားလည်တဲ့ ဘာသာစကားနဲ့ ဖတ်ကြားတင်ပြကြတာကို သဘောကျမိပါတယ်။ ဒါကလည်း ပြည်တွင်းစာတမ်းဖတ်ပွဲတစ်ခုလည်းဖြစ်နေ၊ ဝိဇ္ဇာဘာသာရပ်လည်းဖြစ်နေ၊ ပြည်ပက နိုင်ငံခြားသားပညာရှင်လည်း မပါရှိခဲ့ရင်တော့ အင်မတန်မှ ကောင်းတယ်လို့ ခံစားမိပါတယ်။ သိပ္ပံဘာသာရပ်တွေကတော့ နိုင်ငံတကာနဲ့ ယှဉ်နိုင်အောင် ယခုအခါမှာ အင်္ဂလိပ်လိုပဲ ဖတ်ကြားကြရတယ်လို့ သိရှိရပါတယ်။ မိမိကိုယ်တိုင် ဝိဇ္ဇာဘာသာရပ် သမားမို့ ဝိဇ္ဇာဘာသာရပ်တွေ ဖတ်ကြားတာကို နားထောင်ရင်းနဲ့ပဲ အချိန်ကုန်ခဲ့တာမို့ သိပ္ပံဘာသာရပ်ဘက်ကို မရောက်ရှိခဲ့သလို၊ ဘာတွေဖတ်ကြားကြပြီး ဘာသုတေသနရလဒ်တွေ ရရှိသလဲဆိုတာလည်း မသိပါဘူး။

တက္ကသိုလ်တွင်း သုတေသနစာတမ်းဖတ်ပွဲတွေမှာတော့ တချို့သော တက္ကသိုလ်တွေဟာ ဘာသာရပ်အလိုက် ဝိဇ္ဇာသီးခြား၊ သိပ္ပံသီးခြားခွဲပြီး စာတမ်းဖတ်ကြားကြသလို တချို့တွေမှာတော့ ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်တွေအားလုံးကို တစ်နေရာတည်းမှာ အားလုံးသိရှိနားလည်စေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စုပေါင်းပြီး သုတေသနစာတမ်းတွေကို ဖတ်ကြားကြပါတယ်။ သုတေသနစာတမ်းအားလုံးဟာ မြန်မာစာဘာသာရပ်ကလွဲလို့ အင်္ဂလိပ်လိုပဲ ရေးပြီးတင်ကြရတာပါ။ သုတေသနစာတမ်းရေးဖို့ ပုံစံကတော့ တက္ကသိုလ်အလိုက် ကိုယ်ပိုင်ရှိကြရင် သိပ်ကောင်းပါမယ်။ ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ်တွေအားလုံးကို တစ်နေရာတည်းမှာ အားလုံးသိရှိနားလည်စေဖို့ ဆိုတဲ့ရည်ရွယ်ချက်နဲ့ စုပေါင်းပြီး သုတေသနစာတမ်းဖတ်ပွဲ ပြုလုပ်တဲ့ပွဲလေးတစ်ခုရဲ့ အတွေ့အကြုံကို တင်ပြလိုပါတယ်။ ဒီသုတေသန စာတမ်းဖတ်ပွဲမှာ ခွင့်ပြုထားတာကတော့ အင်္ဂလိပ်လိုလည်း ဖတ်လို့ရသလို၊ မြန်မာလိုလည်း ဖတ်လို့ရပါတယ်။ ပထမနေ့မှာ ဝိဇ္ဇာဘာသာရပ်ရော၊ သိပ္ပံဘာသာရပ်ရော ပရိတ်သတ်အများ နားလည်အောင် မြန်မာဘာသာနဲ့ ဖတ်ကြားကြတာ အင်မတန်စည်ကားလှပါတယ်။ နောက်တစ်နေ့မှာတော့ နံနက်ခင်းပိုင်းမှာပဲ စတွေ့တာကတော့ သိပ္ပံဘာသာရပ်တစ်ခုဟာ အင်္ဂလိပ်လိုချည်းပဲ ပြောတော့တာပါပဲ။ မြန်မာလိုလေး ဖတ်လို့ မရဘူးလားလို့ဆိုတော့ MAAS မှာက အင်္ဂလိပ်လိုပဲ ဖတ်ရတာမို့ အင်္ဂလိပ်လိုပဲ လေ့ကျင့်ထားကြတာပါတဲ့။ ကောင်းပါတယ်။

## မြန်မာလိုလေးပြောလို့ မရဘူးလား

နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့အတွက် နိုင်ငံတကာသုံးတဲ့ ဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်လို ကျွမ်းကျင်နေကြတာဟာ သိပ်ကိုဝမ်းသာစရာ ဂုဏ်ယူစရာ တစ်ခုပါပဲ။ ဒါပေမယ့် သိပ္ပံဘာသာရပ်ရဲ့ အသုံးအနှုန်းတွေကို ဝိဇ္ဇာဘာသာရပ်အနေနဲ့ သိရှိနားလည်ဖို့ဆိုတာ အင်မတန် အလှမ်းဝေးလှပါတယ်။ သိပ္ပံဘာသာရပ်ရဲ့ သုတေသန ဆောင်ရွက်ချက်ကနေ ရရှိလာတဲ့ ရလဒ်တွေကို ဝိဇ္ဇာ ဘာသာရပ်က သူတွေလည်း သိရှိနားလည်ရင် မကောင်းဘူးလား။ ကိုယ်တိုင်ပြုလုပ်ထားတဲ့ သုတေသနကို အများနားလည်သိရှိရအောင် အချိန်ကိုငဲ့ကွက်ပြီး အစကတည်းက မြန်မာလိုလေး နားလည်အောင် ပြောပြလို့ မရဘူးလား။ ဝိဇ္ဇာ/သိပ္ပံဘာသာရပ်အားလုံး ရှိနေကြတာလေ။ မိမိဘာသာရပ် တစ်ခုတည်း မိမိဌာနမှာပဲ ဖတ်ကြားနေတာမှ မဟုတ်တာပဲ။ အခြားသော သိပ္ပံဘာသာရပ်တွေလည်း မြန်မာလိုလေး အများသိရှိရလေအောင်ပြောသွားကြတာပါပဲ။ မြန်မာလိုပြောပြလို့ မရတာတော့ မဖြစ်နိုင်လောက်ဘူးလို့ ထင်ပါတယ်။ ကျောင်းသူကျောင်းသားတွေကို စာသင်တဲ့ နေရာမှာရော အင်္ဂလိပ်လိုပဲပြောပြီး သင်ကြပါသလားဆိုတာ သိချင်မိပါတော့တယ်။

စာတမ်းဖတ်ကြားချိန် မိနစ်၂၀၊ မေးခွန်းမေးမြန်းဆွေးနွေးချိန်က ၁၀ မိနစ်ပဲ ပေးထားတာပါ။ စာတမ်းဖတ်ကြားတော့ အင်္ဂလိပ်လိုဖတ်မယ်။ နားမလည်လို့မေးရင် ဆွေးနွေးတဲ့အပိုင်းမှာ အချိန်မရှိအောင် မပြုလုပ်သင့်ပါဘူး။ သုတေသနစာတမ်းတွေကို စိတ်ပါဝင်စားလို့ လာရောက်နားထောင်တဲ့ ဝိဇ္ဇာ/သိပ္ပံ ဘာသာရပ် အသီးသီးက ပရိသတ်တွေကို လေးစားရမှာပါ။ အတတ်နိုင်ဆုံးတော့ မေးတဲ့ မေးခွန်းတွေကို ပြန်လည်ဖြေကြားနိုင်အောင် ကြိုတင်ပြင်ဆင်လာကြရမှာပါပဲ။

## မျှဝေတဲ့ အလုပ်

သုတေသနစာတမ်းဖတ်တယ်ဆိုတာ မိမိသိရှိထားတာကို မျှဝေတဲ့ အလုပ်မဟုတ်ဘူးလား။ နိုင်ငံတကာ သုတေသနစာတမ်းဖတ်ပွဲလည်း မဟုတ်ပါ။ အင်္ဂလိပ်လိုချည်းဖတ်နေလို့ ဆိုပြီး ပြစ်တင်ဝေဖန်နေတာ မဟုတ်ပါဘူး။ သုတေသနစာတမ်း လာရောက်ဖတ်ကြားတာကိုက မိမိရှာဖွေသိရှိထားတာလေးတွေကို မျှဝေချင်လို့ မဟုတ်ဘူးလား။

စာသင်ကြားရာမှာပဲ ဖြစ်ဖြစ်၊ သုတေသနစာတမ်းဖတ်ကြားရာမှာပဲ ဖြစ်ဖြစ် မေးခွန်းမေးခံရလို့ မိမိမသိရှိတာကို အမေးခံရရင် ရှက်စရာမဟုတ်ပါဘူး၊ မသိရင် မသိပါဘူးလို့ ရိုးသားဖို့ပဲ လိုတာပါ။ ဆက်လက် လေ့လာပါအုံးမယ်၊ ကျေးဇူးတင်ပါတယ်လို့ ပြန်ဖြေကြားလိုက်ရုံပါပဲ။ သိရှိအောင် ပြန်လည်ရှာဖွေပါ။ မိမိမသိရှိသေးတာကို မေးတဲ့သူကို ကျေးဇူးတင်ပါ။ သူမေးလိုက်လို့ မိမိပြန်လည်ရှာဖွေလို့ သိရှိရတာမို့ ကျေးဇူးတင်သင့်တာပါ။ အဲဒီလို Mindset မျိုးတွေ လေ့ကျင့်ပျိုးထောင်ထားစေချင်ပါတယ်။

## အဂတိကင်းရှင်းခြင်းဟာ ဂုဏ်သိက္ခာတစ်ခု

သုတေသနစာတမ်းဖတ်ပွဲမှာ အမှတ်ပေး အကဲဖြတ်တဲ့ဒိုင် ပြုလုပ်ကြတဲ့သူတွေမှာလည်းပဲ သိက္ခာ၊ သမာဓိနဲ့ ကိုယ်ကျင့်တရားကောင်းဖို့၊ ဘက်မလိုက်မိဖို့၊ အဂတိတရားလေးပါး မကျူးလွန်မိဖို့ အင်မတန် အရေးကြီးပါတယ်။

*စာမျက်နှာ ၁၈ သို့*

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လိပ်ပြာကန်ရပ်ကွက်နေ ဖြူစင်သန့်သည် ၎င်းအသုံးပြုသည့် “Phyu Sin Thant” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ ညိုထွေးသည် ၎င်းအသုံးပြုသည့် “Nyo Htwe” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၃) ရပ်ကွက်နေ ခင်မာချို(ခ) မချိုသည် “Ma Cho” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

မိမိလိပ်ပြာ မိမိလုံခြုံစွာနဲ့ စာတမ်းရှင်တွေရဲ့ မျက်နှာကို စေ့စေ့ကြည့်ရဲတဲ့ သတ္တိပိုင်ရှင်တွေ ဖြစ်နေရပါမယ်။ သုတေသနစာတမ်းဖတ်ပွဲကို ဦးဆောင်ကျင်းပတဲ့ ကော်မတီအနေအားဖြင့်လည်း သုတေသနစာတမ်းဖတ်ပွဲရဲ့ အကောင်းဆုံးစာတမ်း ဆုချီးမြှင့်ရာမှာ ပူးတွဲဆိုတာ ရှိကို မရှိသင့်တဲ့ ဆုတစ်ခုပါ။ အကောင်းဆုံးပါဆိုမှ တစ်ဆုတည်းသာရှိနေရမှာပါ။ တစ်ဆုတည်းသာ ချီးမြှင့်ရမှာပါ။ Superlative Degree နဲ့ The Best လို့ သုံးနှုန်းထားကတည်းက အားလုံးထဲက အရည်အသွေး အဆင့်အတန်းအရှိဆုံး၊ အမြင့်ဆုံး၊ အကောင်းဆုံးဟာ တစ်ခုတည်းသာ တည်ရှိနေရမှာပဲ ဖြစ်ပါတယ်။

တက္ကသိုလ်တွေအနေနဲ့ သုတေသနပြုလုပ်ဆောင်ရွက်ခြင်းကို များများဆောင်ရွက်နေကြရမှာပဲ ဖြစ်ပါတယ်။ ရရှိလာတဲ့ ရလဒ်တွေကိုလည်း အများသိရှိနားလည်အောင် ဝေမျှနေရမှာပဲ ဖြစ်ပါတယ်။ အကျိုးပြုတဲ့ ရလဒ်တွေများများ ပြုလုပ်ဆောင်ရွက်ထားနိုင်တာနဲ့ အမျိုးပြည်နဲ့ လူမျိုးအတွက် အတိုင်းအဆမရှိ ဖြည့်ဆည်းပံ့ပိုး ကူညီပေးနေနိုင်မှာပဲ ဖြစ်ပါတယ်။ အသေးစား၊ အလတ်စားနဲ့ အကြီးစား လုပ်ငန်းရှင်တွေဟာ တက္ကသိုလ်တွေမှထွက်လာတဲ့ သုတေသနရလဒ်တွေအပေါ် အထင်ကြီးလေးစားသမှုနဲ့ တိုင်းပြည်အတွက် စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ အတူပူးပေါင်းဆောင်ရွက်ကြဖို့ တက္ကသိုလ်တွေကို အစဉ်တစိုက် ချဉ်းကပ်လာကြရအောင် သုတေသနတွေကို ပြုလုပ်နေကြရမှာပဲ ဖြစ်ပါတယ်။ သုတေသနတွေ အားကောင်းလာတာနဲ့အမျှ ဘာသာရပ်ဆိုင်ရာမှာရော၊ တိုင်းပြည်နဲ့ လူမျိုးအတွက်ရော ဖွံ့ဖြိုးတိုးတက်မှုတွေ အားကောင်းပြီး ကောင်းကျိုးတွေ စံစားကြရမှာသည် ဧကန်မလွဲပဲ ဖြစ်ပါတယ်။

သုတေသနပြုလုပ်ရာမှာ ရိုးသားပါ။ ဝါသနာကို ရှေ့တန်းတင်ပြီး အများကောင်းကျိုးအတွက် စေတနာထား ရေးရှုဆောင်ရွက်ပါ။ သုတေသနကို အဆက်မပြတ် အစဉ်တစိုက် ပြုလုပ်ဆောင်ရွက်ပါ။ ရရှိလာတဲ့ ကောင်းကျိုးရလဒ်တွေကို အများ သိရှိနားလည်ရအောင်မေတ္တာထားမျှဝေပါ။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်မယ့် သုတေသနစာတမ်းတွေ၊ ရလဒ်တွေများများ ထွက်ပေါ်လာစေဖို့ မျှော်လင့်မိပါတယ်။ ။

*❈ ကျောဖုံးမှ*

ရာသီကြိုအပြောင်းအရွှေ့ကာလတွင် သွက်လက်စွာလှုပ်ရှားနေသည့် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းမှ မြန်မာ့လက်ရွေးစင် တောင်ပံကစားသမား ရဲရင့်အောင်၊ ရန်ကုန်အသင်းက ရတနာပုံအသင်းမှ မြန်မာ့လက်ရွေးစင် နောက်ခံလူ ဇော်ရဲထွန်းတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

**ခံစစ်အတွက်အားဖြည့်**

ရဲရင့်အောင်သည် ပြီးခဲ့သည့်ရာသီတွင် ရတနာပုံအသင်း၌ ခြေစွမ်းပြခဲ့ပြီး 2022 AFF Cup ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အသင်း၌ပါ ရွေးချယ်ခံခဲ့ရသူဖြစ်သည်။ နောက်ခံ လူဇော် ရဲထွန်းမှာလည်း အတွေ့အကြုံရှိသည့် ကစားသမားဖြစ်သောကြောင့် ရန်ကုန်အသင်းက ခံစစ်အတွက် အားဖြည့်ခဲ့ခြင်းဖြစ်သည်။

ရာသီကြိုအပြောင်းအရွှေ့ကာလတွင် ရန်ကုန်အသင်းက ခုနစ်ဦး၊ ရှမ်းယူနိုက်တက်အသင်းက ခြောက်ဦး ခေါ်ယူထားပြီးဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမားများသာ ဆက်တိုက်ခေါ်ယူနေပြီး ရဲရင့်အောင်မတိုင်မီက ကျော်ကိုကို၊ လင်းထက်စိုး၊ ခင်ကျော်ဝင်း၊ ထက်ဖြိုးဝေနှင့် အောင်ဝဏ္ဏစိုးတို့ကို ခေါ်ယူထားသည်။ ရန်ကုန်အသင်းသည် ဇော်ရဲထွန်းမတိုင်မီက ပြည်တွင်းကစားသမားများဖြစ်သည့် လှိုင်းဘိုဘို၊ ရန်ကျော်ထွေး၊ ဥက္ကာနိုင်၊ ကောင်းထက်စိုး၊ နိုင်ငံခြားသား ကစားသမားများဖြစ်သည့် ဂီနီတိုက်စစ်မှူး ဆယ်လာနှင့် ဂါနာ နောက်ခံလူ မာလီဟာဘီယာတို့ကို ခေါ်ယူအားဖြည့်ထားသည်။

**သတင်းထုတ်ပြန်ဖွယ်ရှိ**

ရာသီကြိုအပြောင်းအရွှေ့ကာလကို ဇန်နဝါရီ ၃၁ ရက်အထိ ဖွင့်လှစ်ထားပြီး ကျန်အသင်းများမှာလည်း ကစားသမားသစ်ခေါ်ယူခြင်းများကို မကြာမီ တရားဝင် သတင်းထုတ်ပြန်ဖွယ်ရှိနေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–SUFC**

## ပုံမှန်ခြေစွမ်းနဲ့ မန်ယူကိုအနိုင်ရဖို့ မလွယ်တဲ့ အာဆင်နယ်

**ယခုတစ်ပတ်မှာတော့ ပရီမီယာလိဂ်ပွဲစဉ် (၂၁) ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ အသင်းကြီးအချင်းချင်းတွေ့ဆုံနေတဲ့ ပွဲစဉ်ပါဝင်သလို တန်းဆင်းဇုန်အသင်းအချင်းအချင်းတွေ့နေတဲ့ပွဲစဉ်လည်း ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။**

**လီဗာပူးနှင့် ချယ်ဆီး**

နှစ်သင်းကြား ရမှတ်ကွာဟမှုမရှိဘဲ ချယ်ဆီးက တစ်ပွဲ ပို ကစားထားတယ်။ လီဗာပူးရော ချယ်ဆီးပါ ခြေစွမ်းအကျဘက် ရောက်နေတယ်ဆိုပေမယ့် တိုက်စစ်ပိုင်း ထက်မြက်မှုရှိတဲ့ လီဗာပူးအသင်း အသာရဖွယ်ရှိတယ်။

**မန်စီးတီးနှင့် ဝုဖ်**

မန်စီးတီးက နောက်ဆုံးသုံးပွဲမှာ နှစ်ပွဲရှုံးနိမ့်ထားတာကြောင့် နိုင်ပွဲရရှိရေး အာရုံစိုက်ကစားလာမှာပါ။ ဝုဖ်အသင်းရဲ့ခြေစွမ်းက မာကျောမှုရှိတယ်ဆိုပေမယ့် ဘက်စုံသာလွန်တဲ့ မန်စီးတီးကို အမြင့်ဆုံး သရေသာရမယ်။

**လိဒ်စ်နှင့် ဘရန့်ဖို့ဒ်**

လိဒ်စ်က အိမ်ကွင်းကောင်းမွန်မှုရှိပေမယ့် စုဖွဲ့မှုပိုင်း ကျစ်လျစ်တဲ့ ဘရန့်ဖို့ဒ်ကို အနိုင်ယူဖို့ မလွယ်ဘူး။ ပရီမီယာလိဂ်မှာ နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ကြိုးစားလာမယ့် လိဒ်စ်ကို အီဗန်တိုနေ ခြေစွမ်းပြမှုနဲ့အတူ ဘရန့်ဖို့ဒ် အနိုင်ရဖွယ်ရှိတယ်။

**ဘုန်းမောက်နှင့် နော်တင်ဟမ်**

နော်တင်ဟမ်က ရှန်းအားကောင်းပြီး ရလဒ်ကောင်း တွေ ပိုင်ဆိုင်ထားတယ်။ နောက်ဆုံး ငါးပွဲဆက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ထားတဲ့ ဘုန်းမောက်က ဒီရာသီမှာ ခံစစ်အဆိုးရွားဆုံးအသင်း အဖြစ်ရှိနေတာကြောင့် နော်တင်ဟမ်ကို အနိုင်ယူဖို့ ခက်မယ်။

**ဝက်စ်ဟမ်းနှင့် အဲဗာတန်**

တန်းဆင်းဇုန် အသင်းအချင်းချင်း တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ နှစ်သင်းစလုံးက တိုက်စစ်၊ ခံစစ်ပိုင်း ခြားနားမှုသိပ်မရှိဘူး။ ဝက်စ်ဟမ်းထက် အဲဗာတန်အသင်း မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်တယ်။

**အာဆင်နယ်နှင့် မန်ယူ**

အာဆင်နယ်အနေနဲ့ ပထမအကျော့က ရှုံးကြေးပြန်ဆပ်ဖို့ ကြိုးစားလာမှာပါ။ သို့သော်လည်း သာမန် လုပ်အားနှုန်းနဲ့ မန်ယူကို အနိုင်ရဖို့ ခက်ပါလိမ့်မယ်။ အဆုံးသတ်သေချာခဲ့ရင် မန်ယူရလဒ်ကောင်း ရရှိမယ်။

**မိုးဇက်**

## နောက်ကျသွင်းဂိုးများဖြင့် စပါးကို မန်စီးတီး ဂိုးပြတ်နိုင်

ပရီမီယာလိဂ်ပွဲကျန် (၇) မှ မန်စီးတီးနှင့် စပါးအသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၂၀ ရက် နံနက် ၂ နာရီခွဲက အီတီဟက်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနိုင်ပွဲကြောင့် မန်စီးတီးအသင်းသည် ဦးဆောင်သူ အာဆင်နယ်အသင်းထက် တစ်ပွဲပိုကစားပြီး ငါးမှတ်အကွာသို့ ရောက်ရှိလာပြီ ဖြစ်သည်။ စပါးအသင်းက သွင်းဂိုး နှစ်ဂိုးဖြင့် မိနစ် ၅၀ ကျော်အထိ ဦးဆောင်ထားနိုင်ခဲ့သော်လည်း နောက်ပိုင်း ပွဲချိန်များတွင် သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။




စပါးအတွက် သွင်းဂိုးများကို ကလူဆက်စကီးနှင့် ရှိုင်ရယ်က ပွဲချိန် ၄၄ မိနစ်နှင့် ၄၅ မိနစ်တွင် သွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို အယ်ဗာရက်ဇ်၊ ဟာလန်းနှင့် မာရက်ဇ်တို့က ပွဲချိန် ၅၁ မိနစ်၊ ၅၃ မိနစ်၊ ၆၃ မိနစ်နှင့် မိနစ် ၉၀ တို့တွင် သွင်းယူပေးနိုင်ခဲ့သည်။ ယခုနိုင်ပွဲကြောင့် မန်စီးတီးအသင်းသည် ၁၉ ပွဲကစား ၄၂ မှတ် ဖြင့် အဆင့် (၂) တွင် ရပ်တည်နိုင်ခဲ့ပြီး စပါးက ပွဲ ၂၀ ကစားပြီး ၃၃ မှတ်ဖြင့် အဆင့် (၅) တွင် ရပ်တည်နိုင်ခဲ့သည်။

**အောင်ဇော်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁-၂၀၂၃ စနေနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်အဋ္ဌရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** Weekly Sports Info
**၀၈:၃၅** ၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာ ကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်ရေးရာအစီအစဉ်
**၁၁:၄၅** တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ 'မွန်ရိုးရာငါးရံ့သရက်သီးချက်'
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ခါးခါးအချစ်ချိုချို' (အပိုင်း-၁၉)
**၁၃:၃၀** MRTV National News
**၁၄:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချီတက်' (အပိုင်း-၃၁)
**၁၆:၃၅** ပုံပြင်ကဗျာအစီအစဉ်'စာနာတတ်ပါပြီ'
**၁၆:၄၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၂၅** ရှုလေမြင်လေကမ္ဘာမြေ
**၁၇:၄၅** နိုင်ငံ့စီးပွားအလေးထား MSME လုပ်ငန်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ.....သိရိဂေဟာ
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ 'ပိန်းကြာဖက်၌တင်သောရေ' (အပိုင်း-၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာ ကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်
**၂၁:၁၅** နိပါတ်တော်လာဇာတ်သဘင်မဟာ 'မင်းကုသနှင့်ပပဝတီ'

**mitv**

**07:01** Evergreen Classic: Suvanna Sama (Hnin Yee Thant)
**07:10** Weekly Review
**07:26** Myanmar Sculpture-work of Art
**07:42** Black Gold (Part-2)
**07:47** Myanmar Family Life: The Five Precepts
**08:01** News
**08:31** Great Shwedagon - Historic And Mysterious Places
**09:01** Quiz Time
**10:01** News
**10:28** Myanmar Big Circular Tray
**10:43** Fishery Products: Pickled Prawn Business
**11:02** Tea
**11:09** Chef Life: Ce'dric Davoine (French Chef)

**MRTV NRC**

**ချင်း(လိုင်စိုး) (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝမြေသြဇာပြုလုပ်နည်း
**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နွားနောက်သားဆန်ပြုတ်
**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
မွန်ယဉ်ကျေးမှုပြတိုက်
**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ဓလေ့ရိုးရာသမက်တက်မင်္ဂလာ
**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ရှမ်းခေါင်းပေါင်းပေါင်းနည်း
**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
ကျိုင်းတုံဆန်ပြုတ်ချက်နည်း
**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ခရူးရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ဝိရိယရှိသောကြက်မ(ပုံပြင်)
**ပအိုဝ်းကရင် (၂၀:၀၀ မှ ၂၁:၀၀)**
တောင်ကျသို့အလည်တစ်ခေါက်
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင့်ရိုးရာလူပျိုကြီးကြက်သားသုပ်
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
မုလအိ(အပိုင်း-၂)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၄၅** Weekly International News
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၄၅** ၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာ ကျောင်းသားအားကစားပွဲတော် နေ့စဉ်ယှဉ်ပြိုင်နေမှု အစီအစဉ်

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကံ၀မ်းမဲ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** သုတေသနနှင့်မျိုးပွားခြံ(ဘုရားလမ်း)၏ ဆီအုန်းနှင့်အုန်းဝါပုသုတေသနစိုက်ပျိုးရေး
**၀၇:၀၀** ဆွေးနွေးကြမယ်၊စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
**၀၇:၅၀** ရွှေဘိုမြို့မှ ပေါ်ဆန်းစပါး
**၀၉:၀၀** စာသင်ခန်းမှသည်လယ်တောဆီ (ဇာတ်လမ်းတို)
**၀၉:၁၅** မြန်မာ့လယ်ယာထွက်ကုန်များဖြင့် တန်ဖိုးမြင့် ထုတ်ကုန်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၁ - ၁ - ၂၀၂၃ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၃) တွင်** အိမ်အလုပ်ကို လွယ်ကူသည်ဟု မှတ်ယူကာ တာဝန်ယူလုပ်ဆောင်ရာမှ အိမ်အလုပ်မှာ အလွန်ပင်များပြားကာ အချိန်မီ အလျင်အမြန်ဆောင်ရွက်ရကြောင်း သိရှိသွားသော ပလာတူးအကြောင်းကို ရေးဖွဲ့ထားသည့် "ပလာတူးနှင့် အိမ်အလုပ်" မျက်နှာဖုံးကာတွန်း၊ မြင်စိုင်းမြို့ဟောင်း၏ သာယာပုံနှင့် စာဆိုတော် ငါးစီးရှင်ကျော်စွာ၏ လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝပုံအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် "မြင်စိုင်းရွှေပြည် စာဆိုတော်" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ပေးပို့သော ကာတွန်းများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ ဆေးကုပေးရင်း လူနာ၏ ဥစ္စာပစ္စည်းများကို လိမ်လည်ယူသော ဆေးဆရာနှင့် ဖြတ်ထိုးဉာဏ်ကောင်းသော မျက်မမြင်လူနာ အမျိုးသမီးအကြောင်းကို တင်ဆက်ထားသည့် "လူလိမ်" နှစ်မျက်နှာကာတွန်း၊ မိမိ၏မှားယွင်းသောအပြုအမူကို ဂရုမမူမိဘဲ သူတစ်ပါးကိုသာ အပြစ်မြင်တတ်သော ရှဉ့်လေးအကြောင်းကို ရေးဖွဲ့ထားသည့် "သစ်သီးအဖြေ" ပုံပြင်ကဏ္ဍ၊ ဖခင်၏ အလုပ်အကိုင်ကို သိရှိသွားသည့် စန္ဒာအကြောင်းကို ရေးဖွဲ့ထားသည့် ဆရာမ မေဇွန်အေး၏ "အဖေ့အလုပ်ဆိုတာ" ဝတ္ထုကဏ္ဍ၊ မိခင်၏စကားကို နားမထောင်မိ၍ အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ကြွက်ဖြူလေးအကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းပြုံးချို၏ "မိဘစကား" နှစ်မျက်နှာကာတွန်း၊ စကားကို ကတ်တီးကတ်ဖဲ့ ပြောတတ်သော ရဲရင့်ဖြိုးအကြောင်းကို ရေးဖွဲ့ထားသည့် "အမွှေလေး ရဲရင့်ဖြိုး" တစ်မျက်နှာကာတွန်း၊ ပုံပြင်ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍအပါအဝင် အင်္ဂလိပ်သဒ္ဒါကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၁ - ၂၀၂၃

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် ၂၂၇၂၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် ၂၂၇၆၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၂၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၉၃၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၀၀ ကျပ် | ၂၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၀၀ ကျပ် | ၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၇၅ ကျပ် | ၂၃၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၇၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၈ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၄ . ၀၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၂၀ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၉၀ . ၀၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၉ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၈၇၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၁၂၉ | ၁၁၀၉၄၀၀ |
| MTSH | ၃၃၀၀ | ၃၂၅၀ | ၁၁၀၂ | ၃၅၇၈၃၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၉၃၇ | ၇၀၂၇၅၀၀ |
| FPB | ၁၈၅၀ | ၁၈၀၀ | ၂၀၁၀ | ၃၆၂၂၄၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၂၀၅ | ၅၄၃၂၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၃၈ | ၁၁၆၆၂၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၅၄ ဆူ | ၁၆၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၁ ခန်း | ၃၈၄ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၇၂ ကျင်း | ၂၀၄၇. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၁၀ ကျင်း | ၁၄၂၆. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၄၃၇ စုံ | ၆၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၂၃၀ကေဗွီ ခရမ်းပင်မဓာတ်အားခွဲရုံစီမံကိန်းအတွက် လိုအပ်သော 230/33/11kV (33.33)MVA Transformer and Related Accessories (4)Nos အား သယ်ယူပို့ဆောင်ရန် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၃-၂-၂၀၂၃ရက် ၁၂နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moep.gov.mm)တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော် ကျီးကုန်းရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ်-၅၁၆(က/၂) တွင် ဖွင့်လှစ်ထားသော KHIT THIT KYEI TAGON CO.,LTD.၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၀၅၂၄၁၇၁) သည် ၂၀-၁-၂၀၂၃ရက်တွင်ကျင်းပသည့်အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက်-၅၁၀(တန်ဖိုး ကျပ်သိန်း-၅၁၀)မှ အစုရှယ်ယာအရေအတွက်-၅၁ (တန်ဖိုးကျပ်သိန်း-၅၁)သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၂၈၇၇၂ ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေ ၁၀/မလမ (နိုင်)၂၃၆၆၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၆၆၅၇၉ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်စိုး ၁၀/မလမ(နိုင်)၁၃၈၂၅၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ သီရိပစ္စယာ (၅)ရပ်၊ ဝိုင်းအကွက်အမှတ်(၄၄)၊ ဦးကျော်ဝမ်း ၈/ပခက(နိုင်)၀၁၆၇၉၁ အမည်ပေါက် ဝိုင်းမြေကွက်သည် အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားခဲ့သဖြင့် ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်ကို ဦးကျော်ဝမ်း ၈/ပခက(နိုင်)၀၁၆၇၉၁ အမည်ဖြင့် အသစ်ထုတ်ပေးပါရန် ဦးကျော်ဝမ်း ၈/ပခက(နိုင်)၀၁၆၇၉၁ မှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဦးကျော်ဝမ်း ၈/ပခက(နိုင်) ၀၁၆၇၉၁ အမည်ဖြင့် ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိဒေါ်ခင်ကြည် ၈/မထန(နိုင်)၀၁၃၅၃၀ (ဘ)ဦးညွန့်အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပ-၂၁၇၅၉ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံသားဖြစ်သူ ဦးအောင်ဖြိုးမောင်မောင် ၉/မလန(နိုင်)၁၂၃၄၃၃ (ဘ) ဦးသန့်ဇင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ အမည်ပေါက်၏သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## ညောင်ဦးခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၃

**ကွယ်လွန်သူ ဒေါ်လှစော၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ဦးတင်သိန်း(ဘ)ဦးတင်ရွှေ **လျှောက်ထားသူ**
မြေနဲလေးအုပ်စု၊ စည်သာ ကျေးရွာ၊ ညောင်ဦးမြို့နယ်။

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊မြေနဲလေးအုပ်စု၊ စည်သာကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်လှစော၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ကွယ်လွန်သူ ဒေါ်လှစော၏သားဖြစ်သူ ဦးတင်သိန်းက တရားဝင်သားဖြစ်သည်ဟူ၍၎င်း၊ ကွယ်လွန်သူမိခင် ဒေါ်လှစော၏ ကျန်ရစ်ခဲ့သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများထဲမှ အမွေဆက်ခံခြင်း အက်ဥပဒေအရ အမွေထိန်းလက်မှတ်စာ ရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားသည်ဖြစ်၍ ဤအမှုကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်၊ (၁၃၈၄)ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်လှစော၏ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင့်လျှင်)ဤရုံးတော်သို့ အထက်ပါအမှုကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်(၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆို ရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးတင်သိန်း၏ လျှောက်ထားချက်ကိုကြားနာ၍ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုလာဘ်ရတနာဦး)**
**ဒုတိယခရိုင်တရားသူကြီး**
**ညောင်ဦးခရိုင်တရားရုံး**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၄၀ ရပ်ကွက်၊ ရတနာရွှေလီလမ်း၊ မြေကွက်အမှတ် (၂၂၃) ဟုခေါ်တွင်သော မြေအလျားx အနံပေ (၄၀x၆၀) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်ပပကျော် ၁၂/ဥကတ(နိုင်)၂၁၁၄၃၈၈ က တရားဝင်ပိုင်ဆိုင်ပြီး၊ အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသောကြောင့် အထက်ပါအိမ်နှင့် ခြံမြေအား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုးအေး ၁၂/ရကန(နိုင်)၀၅၁၈၈၄က ဝယ်ယူရန်အတွက် အဆိုပါ အိမ်နှင့်ခြံမြေရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါ အိမ်နှင့်ခြံမြေ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းနှင့်တကွ ပြသကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်အား ဆက်လက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ပပကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းကျော်သူ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၇၄၀၄)**
**အမှတ် (၈၈)၊ ဇေယျာလမ်း၊ ၁၀ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၈၇၇၇၈၆၃၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ထန်းတပင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဝါးတရာလမ်း၊ အမှတ် ၁၉၂၊ အလျား၆၀'x အနံ ၆၀'ပေရှိ မြေကွက်ကို ၀ဒသမ ၀၈၂ ဧက ပိုင်ဆိုင်သူ ဒေါ်တင်တင်ဦး ၈/ရနခ(နိုင်)၀၆၉၈၃၂၊ အမှတ် ၇၂၊ စိန်ချယ် လမ်း၊(၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ပိုင်ဆိုင်သူထံမှ ကျွန်မ နန်းစုမြတ်လွင် ၁၂/ဒဂတ (နိုင်)၁၁၆၈၂၉ မှ အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါသည်။ မည်သူမဆို ဤတိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ခြင်းမရှိပါက အရောင်းအဝယ် ပြီးဆုံးပြီး ဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းစုမြတ်လွင်**
**၁၂/ဒဂတ(နိုင်)၁၁၆၈၂၉**
**ဖုန်း-၀၉-၄၂၄၄၄၉၉၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးအောင်ဝင်း ၁၄/လမန(နိုင်)၀၀၂၀၂၆နှင့် ဒေါ်မြင့်မြင့် ၁၄/လမန(နိုင်)၀၀၂၀၂၇တို့၏သားဖြစ်သူ ကိုအောင်မြင်သူ ၁၄/လမန(နိုင်)၀၆၄၈၈၉ သည် မိဘနှစ်ပါးအား ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေသည့်အတွက် ၎င်းအား ဤကြေညာပါသည့်ရက်မှစ၍ အမွေစားအမွေခံသားရင်းအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ကိုအောင်မြင်သူနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဝင်းနှင့် ဒေါ်မြင့်မြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မောင်မောင် (LL.B) (C.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၂၉)**
**အမှတ် (၁၁၄)၊ အနော်ရထာလမ်း၊ အနောက်ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့**

## အသိပေးအကြောင်းကြားခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသို့ ဆက်သွယ်ဆောင်ရွက်လိုပါက အောက်ဖော်ပြပါ Website, Email, Viber နှင့် တယ်လီဖုန်းများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

Website-www.mgjea.com
Email-mgjea.npt@gmail.com/info@mgjea.com
Viber-၀၉-၇၉၀၆၉၀၁၅၀
Telephone-၀၉-၇၉၀၆၉၀၁၅၀/၀၆၇-၄၃၂၂၀၃၊ ၀၆၇-၄၃၂၃၈၅၊ ၀၆၇-၄၃၂၃၈၂

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၃၅)နေ ဒေါ်ထွေးထွေးဦး ၁၃/မမန(နိုင်)၀၀၃၂၈၀ ကိုင်ဆောင်သူမှ ၎င်းအမည်ဖြင့် မြဝတီမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ်(၅၃-အေ)၊ မြန်မာနန်းတိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ် ၁၅၅၊ မြေဧရိယာ (၆၀x၆၀)ပေအား မြေနေရာချထားပေးခဲ့မှုအပေါ် ထိုမြေချစာရွက်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြဝတီမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ် (၅)ရပ်ကွက်၊ သီရိပစ္စယာ (၅)ရပ်၊ ဝိုင်းအကွက်အမှတ် (၄၃)၊ ဒေါက်တာသက်လွင် ၈/ပခက(နိုင်)၀၃၀၈၇၃ အမည်ပေါက် ဝိုင်းမြေကွက်သည် အိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားခဲ့သဖြင့် ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာစာရွက်ကို ဒေါက်တာသက်လွင် ၈/ပခက(နိုင်)၀၃၀၈၇၃ အမည်ဖြင့် အသစ်ထုတ်ပေးပါရန် ဒေါက်တာသက်လွင်၏ဇနီးဖြစ်သူ ဒေါ်အေးကြင် ၈/ပခက (နိုင်)၁၅၂၅၄၁မှ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဒေါ်အေးကြင်သို့ ဒေါက်တာသက်လွင် ၈/ပခက(နိုင်)၀၃၀၈၇၃ အမည်ဖြင့် ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိ ကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်း(၅၅) ရပ်ကွက်၊ ရွှေပုပ္ပါးလမ်း၊ အမှတ် (၃၄၇) ဟုခေါ်တွင်သော ဒေါ်ချစ်ချစ် အမည်ပေါက် ပါမစ်မြေကွက်နှင့် မြေအကျယ်အဝန်း ပေ(၄၀x၆၀)ပေရှိသည့် အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း(ပေ ၂၀x၆၀)ရှိ (၁)ထပ် ပျဉ်ထောင်အိမ်ခြံမြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်တင်ငွေ ၁၀/ဘလန(နိုင်)၀၀၃၉၃၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန်းသန်းအေး ၁၂/မရက(နိုင်)၀၅၁၀၄၈ နှင့် ဦးဖွဲ့ထက်အောင် ၁၂/ဗဟန(နိုင်)၀၉၆၅၄၇ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း မူရင်းများနှင့် အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်သီဂီအေး(စဉ်-၁၄၈၁၉) LL.B, D.B.L(တရားလွှတ်တော်ရှေ့နေ)**
**အမှတ် (၇၆၂)၊ သုဇာတာ ၁၁လမ်း၊(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ အထက (မိုင်းခတ်) ကျောင်း Grade-9 မှ မောင်အောင်မိန်း၏ ဖခင်အမည်မှန်မှာ ဦးလောင်းထွန်း ၁/မမန(နိုင်)၀၃၃၇၁၂ ဖြစ်ပါကြောင်း။

**ဦးလောင်းထွန်း**
**မိုးခတ်ကျေးရွာ၊ မိုးမောက်မြို့နယ်**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ရွှေလဝန်း ကိုယ်ပိုင် အထက်တန်းကျောင်း Grade-(8)မှ မမြတ်သီရိဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ထက်နိုင် ဖြစ်ပါကြောင်း။

**ဦးဇော်ထက်နိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/5572 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမောင်မောင် ၇/ပခန(နိုင်)၂၆၅၆၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/79632, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Thiri Tayza Min Trading Co.,Ltd. မှတ်ပုံတင်အမှတ် ၇၁လမ်း၊ ၃၂x၃၃ ကြား၊ ချမ်းအေးသာစံမြို့နယ်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/28669, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Bamboo Shade Family Co.,Ltd. မှတ်ပုံတင်အမှတ် ၃၆လမ်း၊ ၈၀x၈၁ ကြား၊ မဟာအောင်မြေ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/63344, Wangiany 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမော် ၉/တတဥ(နိုင်)၀၆၄၃၄၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/6781 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင်ဦး ၇/ပခန(နိုင်)၂၂၀၄၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ပြည်ခရိုင်တရားရုံးတော်၌**
**၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၁**

ဒေါ်ခင်ရှုပါ နှင့် ဦးစံ
တရားလို တရားပြိုင်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ပြည်မြို့၊ နဝင်းတိုးချဲ့ကွက်သစ်၊ ပုလဲလမ်း၊ အမှတ် ၈/၅၄နေ တရားပြိုင် ဦးစံ(ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ရှုပါက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နံ့သာနွေးနွေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပြည်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြည်ခရိုင်တရားရုံးတော်၌**
**၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၂**

ဒေါ်ခင်ရှုပါ နှင့် ဦးမောင်အေး
တရားလို တရားပြိုင်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ နဝင်းတိုးချဲ့ကွက်သစ်၊ ပုလဲလမ်း၊အမှတ်-၁၀/၆၅နေ တရားပြိုင် ဦးမောင်အေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ရှုပါက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နံ့သာနွေးနွေးဝင်း)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ပြည်ခရိုင်တရားရုံး**

## နှစ်ပေါင်း (၁၂၄)နှစ် သက်တမ်းရှိ
## ဥက္ကံမြို့ ဗုဒ္ဓမြတ်စွယ်တော်
## (၇၅)ကြိမ်မြောက် စိန်ရတု ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ဥက္ကံမြို့ဘုရားကြီးကျောင်း ပရိယတ္တိစာသင်တိုက်၊ လောကမှန်ကူ ကျောက်တော်ကြီးဘုရားအတွင်း၌ ၁၂၆၀ ခုနှစ် သီဟိုဠ်ကျွန်း၊ ကန္ဒီမြို့မှ သုံးဆယ်မောင်းထောင် ဆရာတော်ကြီးနှင့် မော်လမြိုင်မြို့ ဝဇီရာရာမဆရာတော်၊ စိန်လုံးမိဖုရား အမှူးရှိသော ဥပါသကာ ဥပါသကီ (၁၀၀)ကျော်တို့ ပင့်ဆောင်ခဲ့သည့် "သဃ်ာမိတ္တာဇောဓိသား" ဥက္ကံဗုဒ္ဓမြတ်စွယ်တော်စိန်ရတု ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၉ရက်မှ ၁၅ရက်၊ ၂၉-၁-၂၀၂၃ရက်မှ ၄-၂-၂၀၂၃ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**လောကမှန်ကူကျောက်တော်ကြီးဘုရားဂေါပကအဖွဲ့**
**ဥက္ကံမြို့**

## မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ် ၂၂၊ ၁၅၆လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်တွင် နေထိုင်ကြသော မမိုးစက်ချို၊ မောင်ကျော်လင်းခန့်၊ မောင်ဇော်လင်းခန့်တို့၏ မိခင်အမည်မှန်မှာ ဟမီဒါဘီ(ခ)မမိုးမိုးအေး ၁၂/ဥကမ(ပြု) ၀၀၀၇၄၂ ဖြစ်ပါကြောင်း။

**ဟမီဒါဘီ(ခ) မမိုးမိုးအေး**

## ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ် (၁၀)ရပ်ကွက်၊ ရေအိုးစဉ်လမ်း၊ အမှတ် (၃၃/၃၄) နေ ဒေါ်ဘေဘီမြ ၁၃/ကတန(နိုင်)၀၁၇၄၄၅ မှ ၎င်းအမည်ဖြင့် မြဝတီမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ ကွင်းအမှတ် (၅၃-အေ)၊ မြန်မာနန်းတိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ် (၁၅၆)၊ မြေဧရိယာပေ (၆၀x၆၀) အား မြေနေရာချထားပေးခဲ့မှုအပေါ် ထိုမြေချစာရွက်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူမှန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြဝတီမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် (၇၉၃)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဒေါ်ခင်စန်းရီ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်ကျော်တိုး(ဘ)ဦးကြည်ဝါစိန် ၈/တတက(နိုင်)၀၉၆၁၆၀မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၉၂၆/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်သိင်္ဂီမြင့် (ဘ)ဦးသိန်းမြင့် ၇/ဖမန(နိုင်)၁၂၁၅၆၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ပုလဲရတနာလမ်း၊ တိုက်အမှတ် (၆)၊ ဘီ-5၊ ၅-လွှာ၊ စတုတ္ထထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၃ 'x၅၀')ဟုခေါ်တွင်သော တိုက်ခန်း (၁)ခန်းအပါအဝင် ၎င်းနှင့်ပတ်သက်ဆက်နွယ်သော ရေ၊ မီးအစုံအလင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးစုခိုင် ၁၂/ရကန(နိုင်)၀၈၆၀၀၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါကဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B.,D.B.L.,D.I.L., D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၇၆)နေ ဒေါ်နီနီဝင်း ၁၀/မဒန(နိုင်)၀၁၂၈၄၉ ကိုင်ဆောင်သူမှ ၎င်းအမည်ဖြင့် မြဝတီမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကွင်း အမှတ်(၅၃-အေ)၊ မြန်မာနန်းတိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ် ၁၅၄၊ မြေဧရိယာ (၆၀x၆၀) ပေအား မြေနေရာချထားပေးခဲ့မှုအပေါ် ထိုမြေချစာရွက်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြဝတီမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဦးအောင်မြိုင် ၁၂/ဗဟန(နိုင်)၀၀၅၄၂၃ (ဘ)ဦးကြည် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၀၄၇၉) ကို တပ်ကုန်းမြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၄၀/၂၀၂၂၊ ၁၆-၉-၂၀၂၂ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဦးဂျူးသက်ပိုင် ၉/မထလ(နိုင်)၂၆၄၈၁၃ (ဘ)ဦးမောင်မောင်စိုးမှ ဦးအုန်းထွေး ၁၁/ကဖန(နိုင်)၀၃၆၄၀၂ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ အထက(ခွဲ) သရက်တော Grade-3မှ မောင်သူရမိုးမြင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်းနိုင် ၇/ပမန(နိုင်) ၁၄၂၃၂၃ ဖြစ်ပါကြောင်း။

**ဦးမျိုးဝင်းနိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ (၄)လမ်း၊ တိုက်အမှတ် (၅၇၆)၊ ပထမထပ်၊ (၂လွှာ)၊ (ခြေရင်းဘက်ခြမ်း)၊ (၁၈x၅၄) ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဦးဇော်မင်းထွန်း ၁၂/ဥကမ(နိုင်)၂၆၃၀၁၂မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်မြသန္တာကလည်း ဝယ်ယူရန်အတွက် တိုက်ခန်း၏ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အဆိုပါတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်စုပိုပိုဇော်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၀၅/၂၀၁၅)** | **(စဉ်-၄၉၅၀၂/၂၀၁၈)** | **(စဉ်-၅၄၈၃၅/၂၀၂၂)** |

**တိုက် (၄)၊ အခန်း (၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊**
လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/မြို့သစ်မြောက်ရပ်)၊ ဦးပိုင်အမှတ်(၅၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၄ ဧကရှိ ဦးဘိုးချစ်အမည်ပေါက် မြို့မြေကွက်အား ဦးဗကို(ဘ) ဦးရီနွတ် ၉/လဝန(နိုင်)၀၄၉၆၃၉ မှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းဝင်းနိုင် ၉/ဇဗသ(နိုင်)၀၀၃၆၉၃၏ ပတ်စ်ပို့နံပါတ်မမှတ်မိမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

**ဖုန်း-၀၉-၄၅၄၉၁၈၅၂၉**

## အမည်မှန်

ဦးအောင်ကိုကို (ဘ) ဦးမောင်ကို ၁၄/ဘကလ(နိုင်)၀၂၃၁၈၄၏ အမည်နှင့်နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် အမှန်မှာ ဦးအောင်ကိုဦး (ဘ)ဦးမောင်ကို ၅/ရဘန(နိုင်)၁၉၁၀၀၁ ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/ 88576 Adixin 125 ယာဉ်လက်ဝယ်ရှိသူ Mani Mandai Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 41W/50291 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မင်းဦး ၁၃/တကန(နိုင်)၂၃၈၇၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၄၈၅၀၈ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလော်ငင်း ၁၃/တကန(နိုင်)၁၄၅၅၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ်၄/ရွှေကြာပင်၊ မြေကွက်အမှတ်(ZC-၀၀၉(၁၆))၊ ဧရိယာ ၀ ဒသမ ၂၂၉ဧကရှိ မန်းပြည်တံခွန်ကုမ္ပဏီလီမိတက် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အားအမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သင်းဝတ်ရည် (ဘ) ဦးဟန်မြင့် ၁၂/လမန(နိုင်)၁၁၇၇၇၃မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၄၂/၂၀၂၂)၊နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးအောင်ခန့် (ဘ) ဦးအေးစော ၁၄/မမန(နိုင်)၀၀၃၇၈၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ -၂၀)
## ရေနံချောင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၇

| | | |
|---|---|---|
| မခင်မာယု | နှင့် | ကိုဟန်သာထူးအောင် |
| (တရားလို) | | (တရားပြိုင်) |

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ညောင်လှရွာမရပ်ကွက်နေ တရားပြိုင် ဟန်သာထူးအောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုမခင်မာယုက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် (၁၃၈၄ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇင်ဦးပြည့်စုံ)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ရေနံချောင်းမြို့နယ်တရားရုံး**

## မြေယာနှင့် အဆောက်အအုံ ငှားရမ်းခြင်း သဘောတူစာချုပ် ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC)၏ အတည်ပြုမိန့်အမှတ် (ရကတ ၃၄၁ / ၂၀၂၀) ပြန်လည်အပ်နှံရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ LONGHENG (MYANMAR) ENTERPRISE COMPANY LIMITED နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအမင်း ၁၃/လရန(နိုင်)၁၀၈၈၀၂ အမည်ပေါက်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မြေတိုင်းအကွက်အမှတ်-၁၁၃၊ အမှတ်-၁၆၆(အေ) မြေဧက စုစုပေါင်း ၂ ဒသမ ၄၈၇ ဧက အနက်မှ ၁ ဒသမ ၂၄၃ ဧက (၅၀၃၀.၂၄၂၅ စတုရန်းမီတာ) ရှိ မြေယာနှင့် အဆောက်အအုံ ငှားရမ်းခြင်းကိစ္စနှင့်ပတ်သက်၍ LONGHENG (MYANMAR) ENTERPRISE COMPANY LIMITED နှင့် ချုပ်ဆိုခဲ့သော ၂၅-၂-၂၀၂၀ ရက်စွဲပါ မြေယာနှင့်အဆောက်အအုံငှားရမ်းခြင်း သဘောတူစာချုပ်ကို ဒဂုံ မြို့သစ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၅၁၄/၂၀၂၂ ဖြင့် ၁၉-၁-၂၀၂၃ ရက်က ပယ်ဖျက်ကြောင်း အမိန့်ကို ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေပိုင် အထက်ဖော်ပြပါ မြေကွက်လိပ်စာဖြင့် LONGHENG (MYANMAR) ENTERPRISE COMPANY LIMITED မှ လျှောက်ထားရယူအသုံးပြုခဲ့သော ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC) ၏ အတည်ပြုမိန့်လိုင်စင် အား ပိတ်သိမ်းခွင့်ပြုပါရန် လျှောက်ထားဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းများဖြင့် သက်ဆိုင်ရာရုံးဌာနသို့ ကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအမင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းခန့်ဦး (LLB, LLM, WIPO SWITZERLAND)**
**အထက်တန်းရှေ့နေစဉ်-၅၃၄၉၄/၃၁-၈-၂၀၂၀**
**တိုက်အမှတ်(၉)၊ ရပ်ကွက်အမှတ်(၃၆)၊ နဝဒေးဥယျာဉ်အိမ်ရာ၊**
**လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း ၀၉-၇၆၅၄၇၉၆၈၆၊ ၀၉-၄၅၃၀၃၁၀၁၆**

## သမီးနှင့်မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၉၂)နေ ဦးအေး ၁၂/ကမရ(နိုင်)၀၂၀၁၆၄ နှင့် ဒေါ်အေးမိ ၁၂/လမန(နိုင်)၀၂၅၆၀၄ တို့၏ သမီးဖြစ်သူ ဒေါ်သန်းသန်းမြင့် ၁၂/ကမရ(နိုင်) ၀၁၉၇၇၉ နှင့် ၎င်း၏ သားဖြစ်သူ မောင်ဝေလင်းထွန်း ၁၂/ကမရ(နိုင်)၀၄၈၁၂၇ တို့သည် မိဘ၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား ဆောင်ရွက်သည့်အတွက် သမီးနှင့်မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ဒေါ်သန်းသန်းမြင့်နှင့် မောင်ဝေလင်းထွန်း တို့နှင့်ပတ်သက်သည့် ကိစ္စအဝဝအား ဦးအေးနှင့် ဒေါ်အေးမိ မိသားစုတို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်- ဦးအေး**
**မိခင်- ဒေါ်အေးမိ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ပိတောက်မြိုင်ဈေး၊ ရုံအမှတ်(၇)၊ ဆိုင်အမှတ်(၃၀၊ ၃၁)၊ ဆိုင်ခန်းအငှားချထားခံရသူ ဒေါ်မြင့်မြင့် ၁၂/ကမရ(နိုင်)၀၂၁၁၁၇ ၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် (N-66534)၊ (N-66535) ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ၊ ဖုန်း-၀၉-၄၄၇၃၉၆၉၁၉**
**ပိတောက်မြိုင်ဈေး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ် (၁ အိပ်ချ်/၅၃၁)၊ ဧရိယာ (၃၆၀၀ စတုရန်းပေ) အကျယ်အဝန်းရှိ နှစ် (၆၀)ဂရန်မူရင်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ဝင်း ၁၂/ဗဟန(နိုင်)၀၈၁၇၂၅ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်အား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသောတရားဝင် စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် (စဉ် - ၈၃၈၇)**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
**Phone : 09-5107042**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ် (၁စီ /၅၃၁)၊ ဧရိယာ (၃၆၀၀ စတုရန်းပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မူရင်းယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်နန္ဒ ၁၂/ကမရ(နိုင်)၀၃၄၄၁၀ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် (စဉ် - ၈၃၈၇)**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၆)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
**Ph-09-5107042**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/6433 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၂၇)၊ ဦးပိုင်အမှတ်(၂၅ᵃ)၊ အကျယ်အဝန်း ၀ ဒသမ ၀၂၆ ဧကရှိ ဘိုးဘွားပိုင် မြေကွက်၏ လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ ဒေါ်ကြည်ကြည်မြင့် (ဘ)ဦးကြည် ၉/ပမန(နိုင်)၀၄၇၈၀၈ မှ ဒေါ်ယမင်းလှိုင်(ဘ)ဦးထွန်းအောင် ၉/ပမန(နိုင်)၁၄၃၆၄၃ ထံသို့ နေပြည်တော်၊ ပျဉ်းမနားစာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၁-၈-၂၀၂၀ ရက်တွင် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၁၄၆/၂၀၂၀)အား ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း အသိပေးအပ်ပါသည်။

**မိုးသက်ခိုင်**
**၉/ပမန(နိုင်)၂၃၈၇၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/ 17160 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd ၇၈လမ်း၊ ၂၆x၂၇ကြား၊ ချမ်းအေးသာစံမြို့နယ်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေး မြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 12W/98590 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်စန်းမင်း ၉/ကဆန(နိုင်)၁၂၁၁၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

မီးသတိပြု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၆၇၁)၊ မြေကွက်တည်နေရာ အမှတ်(၆၇၁)၊အဲမွန်ဒရာလမ်း၊(၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်ထားထား CE-094489) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက်(မိခင်) ဒေါ်ထားထား နှင့် (ဖခင်) ဦးတင်လှိုင်တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးမြတ်ထွန်း ၁၂/မရက(နိုင်)၀၃၆၄၄၁၊ ဒေါ်သင်းသင်းဟန် ၁၂/မရက(နိုင်)၀၃၆၄၃၁၊ ဦးအေးမင်း ၁၂/မရက(နိုင်)၀၃၆၄၃၂တို့မှ ၎င်းတို့မှလွဲ၍ တစ်ပါး အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မကျန်ရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (မိခင်) ဒေါ်ထားထား ၏ သေဆုံးမှုလက်မှတ်၊ (ဖခင်) ဦးတင်လှိုင် ၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် (မြေပုံကူး) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများပြည်သူသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့နယ်၊ အမှတ်(၁) ရပ်ကွက်နေ ဒေါ်နန်းခမ်းလှ ၁၃/သနန(နိုင်)၀၀၂၆၅၁ နှင့် ဒေါ်နန်းနော်ခမ်း ၁၃/သနန(နိုင်)၀၀၀၂၇၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ ကွယ်လွန်သူ(ဦးစိုင်းရီ) ၁၃/သနန(နိုင်)၀၀၆၀၄၇ ပိုင်မြေကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်-၉ ၏ မြေကို ကျန်ရစ်သူ သား/သမီး(၅) ဦးဖြစ်သူ -

| | | |
|---|---|---|
| (၁) | ဒေါ်နန်းခမ်းလှ | ၁၃/သနန(နိုင်) ၀၀၂၆၅၁ |
| (၂) | ဒေါ်နန်းနော်ခမ်း | ၁၃/သနန(နိုင်) ၀၀၀၂၇၆ |
| (၃) | (ဦးစိုင်းဇော်လင်းထွန်း) | ၁၃/ကလန(နိုင်)၀၅၃၉၃၈ |
| (၄) | ဒေါ်နန်းထွမ်းအောင် | ၁၃/သနန(နိုင်)၀၀၆၅၂၂ |
| (၅) | ဦးစိုင်းမြင့်အောင် | ၁၃/သနန(နိုင်)၀၀၀၂၇၇ |

တို့သည် အထက်ပါမြေကွက်၏ အမွေဆိုင်များဖြစ်ကြပါသည်။ အထက်ပါ (ဦးစိုင်းရီ) ပိုင်ဆိုင်သော မြေကွက်နှင့်ပတ်သက်၍ အမွေဆိုင် သား / သမီး (၅) ဦး စလုံးအား အသိမပေးဘဲ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ စွန့်လွှတ်၊ ပေးကမ်း၊ အာမခံထားခြင်း မပြုပါရန်နှင့် ဆောင်ရွက်ပါကလည်း အတည်မဖြစ် ကန့်ကွက်တားမြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နော်ခမ်းလှနှင့် ဒေါ်နန်းနော်ခမ်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲဆုဝင်းလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၄၇၃/၂၇-၄-၂၀၁၇)**
**အမှတ် (၄၈)၊ မင်းရဲကျော်စွာ (၁) လမ်း၊**
**(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊**
**ဖုန်း - ၀၉-၉၅၅၃၂၂၂၁၊ ၀၉-၉၅၅၃၂၂၂၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၈၄၄)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိ ဒေါ်ဝင့်သက်ထားဦး ၁၂/သဃက(နိုင်)၁၇၈၂၅၁ အမည်ပေါက်ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဦးမှ ရောင်းချခဲ့ပြီး လက်ရှိဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင့်သက်ထားဦး ၁၂/သဃက(နိုင်)၁၇၈၂၅၁ မှ ၎င်းတရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်းဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာခြင်းအား ကျွန်ုပ် ဒေါ်နန်းစိုးဝင်းပိုင် ၁၃/ကမန(နိုင်)၀၈၄၅၇၅ ကဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အလုံးစုံနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းစိုးဝင်းပိုင် ၁၃/ကမန(နိုင်)၀၈၄၅၇၅**
**ဖုန်း-၀၉-၂၀၀၉၀၇၅**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်၅/ပဒေသာ၊ ဦးပိုင်အမှတ်(၄၆၂)၊ မြေဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးဇော်မြင့်ထွန်း ၅/မရန(နိုင်)၁၅၁၅၉၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ယ-ရပ်ကွက်၊ အမှတ်(၁၅၄)နေ ကျွန်တော်ဦးစိန်ဝင်း ၉/သပက(နိုင်)၀၃၀၁၃၈ နှင့် ဒေါ်တင်တင်ခိုင် ၉/သပက(နိုင်)၀၀၂၈၉၁၏သား မောင်ဇေယျာကျော်(ခ) ပိုင်ပိုင် ၉/ပဥလ(နိုင်)၀၆၁၈၁၉ သည်မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသဖြင့် ယနေ့ကြေညာသည့်ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်ဇေယျာကျော်(ခ) ပိုင်ပိုင်နှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

**ဖခင် ဦးစိန်ဝင်း ၉/သပက(နိုင်)၀၃၀၁၃၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၅၅၆

| | | |
|---|---|---|
| ဒေါ်နီနီညွန့် | နှင့် | ၁။ ဦးမိုးကြွယ် |
| | | ၂။ ဒေါ်နုကြည် |
| | | ၃။ ဦးစု |
| | | ၄။ ဒေါ်သူဇာ |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ တယောလမ်း၊ အမှတ်(၉၄၈) နေ (၁)တရားပြိုင် ဦးမိုးကြွယ်၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ်(၉၃၁/၇၆)နေ (၃)တရားပြိုင် ဦးစုနှင့် (၄)တရားပြိုင် ဒေါ်သူဇာ (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းညိုရှင်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်၃၉(ခ) ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(ခ/၅၄)၊ မြေဧရိယာ ၀ ဒသမ ၀၂၆ ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ် ၂၄/၂၀၁၀-၂၀၁၁အရ ဦးတင်ဦး အမည်ဖြင့်ပိုင်ဆိုင်ခဲ့ပြီး ဦးတင်ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၃၂/၂၀၂၀)ဖြင့် ဒေါ်မိုးမိုးဌေး မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်မိုးမိုးဌေး ၆/မအရ(နိုင်) ၀၀၁၀၇၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

## အိမ်ဂရန်ပျောက်ဆုံးကြောင်း နှင့် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၃)၊ ကိုယ်ပိုင်လမ်းတွင်ရှိသော ကွင်း၊ အကွက်အမှတ် (၁၄၅/ထီသိမ်ရွေးမြောက်)၊ ဦးပိုင်အမှတ်(၁၂၁)၊ မြေကွက်အမှတ်(၁၁၉)၊ ဧရိယာ ၀ ဒသမ ၀၉၂ ဧကရှိမြေကွက်ကို ခရိုင်အမှုတွဲအမှတ် (၅၀/၂၀၁၅)ဖြင့် နှစ်(၃၀)မြေငှားဂရန်ကို ဒေါ်ခိုင်သီတာအောင် အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ အထက်ပါမြေကွက် အိမ်ဂရန်သည် နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာဌာနသို့ပျောက်ဆုံးဂရန်ပြန်လည် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာဌာနများသို့ သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။ **ဒေါ်ခိုင်သီတာအောင် ဖုန်း-၀၉-၆၇၀၀၀၂၄၁၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၈၉

| | | |
|---|---|---|
| ဒေါ်မိမိငယ် | နှင့် | ဦးအေးကို |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉၀၂)၊ သီတာအေးရပ်ကွက်နေ (ဘ) ဦးတင်မောင်၏သားဖြစ်သူ ဦးအေးကို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်မိမိငယ်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၉)၊ ဦးပိုင်အမှတ်(၅၆)၊ ၄၉လမ်း၊ ၁၁၆(D)နှင့် ၁၁၇လမ်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲ ဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် (၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နွေးသီရိမွန်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခဲ့သော အောက်ဖော်ပြပါ အဆောက်အအုံများအား တာဝန်ယူဆောင်ရွက်ခဲ့သော ကော်မတီမှအသိအမှတ်ပြု ကန်ထရိုက်တာလိုင်စင်ရ ဦးဝင်းဇော်အောင် (LC-၄၉၁) သည် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်သီတာကျော် ၇/ရတရ(နိုင်)၀၁၉၂၂၈မှ ၎င်းအဆောက်အအုံများအတွက် ပေးသွင်းခဲ့သောအာမခံကြေးအား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | အဆောက်အအုံလိပ်စာ | မြေရှင်အမည် | အဆောက်အအုံဆောက်လုပ်ခွင့်ရ ကန်ထရိုက်တာ | ကန်ထရိုက်တာလိုင်စင်အမှတ် |
|---|---|---|---|---|
| ၁ | အမှတ် ၁၅၂၁+၁၅၄၂+၁၅၄၃/က နဝရတ်လမ်းနှင့်မြရိပ်ညို(၅)လမ်းထောင့် (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် | ဦးအောင်မျိုးကျော် | ဦးဝင်းဇော်အောင် | LC-၄၉၁ |
| ၂ | အမှတ်(၁၅)၊ သီရိဇေယျာလမ်း ဇဝနရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် | ဒေါ်ချိုချိုမာ | ဦးဝင်းဇော်အောင် | LC-၄၉၁ |
| ၃ | အမှတ် (၁E/၅၃၁+1f/၅၃၁) သုခမ္မာလမ်းနှင့် သိင်္ဂီလမ်းထောင့်၊ (ဃ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် | Dr-လှမြင့်+ ဦးအောင်ကြည်မင်း | ဦးဝင်းဇော်အောင် | LC-၄၉၁ |
| ၄ | အမှတ် (၁၀၄၆/ခ)၊ ဝေဇယန္တာလမ်းနှင့် စာဂလမ်းထောင့်၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် | ဒေါ်နီနီဝင်း | ဦးဝင်းဇော်အောင် | LC-၄၉၁ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက အမှတ်(၁၀၁၀/က)၊ အင်ကြင်းလမ်း၊ ၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၁၀၁၀/က)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ (၄၀ ပေ x ၆၀ ပေ)၊ (၂၄၀၀) စတုရန်းပေအကျယ်အဝန်းရှိ နှစ် (၆၀)ဂရန်မြေ အမျိုးအစား ဒေါ်ဝင်းကြည် အမည်ပေါက် မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ (၂၀ ပေ x ၆၀ ပေ) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်အိမ်(၁)လုံး အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စာချုပ်အဆက်အစပ် များဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားသူ နော်စောဖြူစင်သဲမိုး ၁၂/အစန(နိုင်)၁၉၈၃၁၉၊ အမှတ် (၃၈/က)၊ ဝါဦး(၂)လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်/၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်/၇၅၁၅)** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀** |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ပဲခူးမြို့၊မြို့တွင်းကြီးရပ်ကွက်၊ စိတ္တသုခလမ်းသွယ်၊အိမ်အမှတ်(၆၂၅)နေ ဦးပြည့်ဖြိုးထွန်း ၇/ပခန(နိုင်)၃၅၁၃၅၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးထွန်း နှင့် ဒေါ်မြင့်မြင့်သန်း(ခ)မီးမီး (ဘ) ဦးကျော်သူတို့သည် အကြင်လင်မယားအဖြစ် ၇- ၄-၂၀၁၉ ရက်မှစ၍ အတူလက်ထပ်ပေါင်းသင်း နေထိုင်ခဲ့ကြပါသည်။ ဒေါ်မြင့်မြင့်သန်း(ခ)မီးမီးမှာ လူမှုရေးဖောက်ပြန်ပြီး ၂၈- ၉-၂၀၂၂ ရက်တွင် နေအိမ်မှထွက်သွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးပြည့်ဖြိုးထွန်းမှ ဒေါ်မြင့်မြင့်သန်း(ခ)မီးမီးအား ဇနီးအဖြစ်ဆက်လက်ပေါင်းသင်းရန် ဆန္ဒလုံးဝမရှိတော့ပါကြောင်းနှင့် ဒေါ်မြင့်မြင့်သန်း(ခ) မီးမီး နှင့် ဦးပြည့်ဖြိုးထွန်းမှာ ပတ်သက်ဆက်နွှယ်မှု သက်ဆိုင်မှုမရှိတော့ပါကြောင်း၊ ဒေါ်မြင့်မြင့်သန်း(ခ)မီးမီးနှင့် ပတ်သက်သမျှကိစ္စအဝဝအားလည်း ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးထွန်းမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဇင်သူငြိမ်း(LL.B, LL.M)** | **ဒေါ်နီလာစိုး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်- ၁၇၁၀၄** | **အထက်တန်းရှေ့နေ စဉ်- ၃၇၀၅၈** |
| **ည/၅၊ ရွှေပြည်စိုးလမ်း၊** | **တိုက်-၁/B-8၊ ရွှေဂျိုးဖြူ အိမ်ရာ၊** |
| **ညောင်ဖြူစခန်းရပ်ကွက် ၊တောင်ကြီးမြို့** | **ဂျိုးဖြူလမ်း၊ ကံသာရပ်ကွက် ၊ တောင်ကြီးမြို့** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၀)၊ ဦးပိုင်အမှတ်(၉၁) ၊ ၅၀ x၅၁ လမ်းကြား ၊ ၁၀၇ နှင့် ၁၀၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်အောင် ၁၃/ရစန(နိုင်)၀၁၁၁၉၆ ၏ (GP ရသူ ဦးကိုကိုနိုင်) က (မြေချထားမိန့်၊ လမ်းဖိုး ၊ မြေဖိုးငွေသွင်းပြေစာ)မူရင်းများ၊ ဂရန်မူရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း (ရဲစခန်း ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ နှင့်သက်တမ်းတိုး လျှောက်ထားရန်အတွက် မြေပုံ ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၃)၊ဦးပိုင်အမှတ် (၂၃)၊ ၅၇x၅၈ လမ်းကြား၊ ကံသာAလမ်းနှင့် Bလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကိုလေး ၉/မရမ(နိုင်)၀၁၅၉၄၁ ၏(SPရသူဦးမြင့်နိုင်)က မူရင်းပိုင်ရှင်၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတို့ကို တင်ပြနိုင်ခြင်းမရှိကြောင်းတင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၂၈၀/၂၀၂၂-၂၀၂၃)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁-၂၀၂၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၅) အများသိစေရန် အသိပေးကြေညာခြင်း ကြော်ငြာတွင် ပြင်ဦးလွင်မြို့ ပွဲကောက်ကျေးရွာအစား ပြင်ဦးလွင်မြို့ ပွေးကောက်ကျေးရွာဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/4053 DAIHATSU HIJET S 320 V DELIEVERY VAN (4x2)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်သီတာလှိုင် ၅/ကလန (နိုင်)၁၄၇၄၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## တွေ့ရှိပါကအကြောင်းကြားပေးပါရန်

ကျွန်တော်၏ ညီမဖြစ်သူ မအေးအေးသီသည် ၁၄-၁-၂၀၂၃ ရက်တွင် နေအိမ်မှ ထွက်သွားရာ ယနေ့အထိ ပြန်မလာဘဲ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သတင်းပေးသူအား အထူး ကျေးဇူးဆပ်ပါမည်။

ဦးမြတ်မင်းစိုး
ဖုန်း-၀၉-၅၁၇၄၂၈၂
၀၉-၇၇၇၁၁၂၂၆၃
၀၉-၇၇၇၁၁၂၂၆၁

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ မြစ်မရပ် ၊ပုလဲလမ်းရှိ ကွင်း/အကွက်အမှတ်နှင့်အမည်-၂၄(ခ)၊ အလယ်ကျွန်း၊ ဦးပိုင်အမှတ်- ၅/၁၄၂(ခ)၊ မြေမျိုး -မြို့မြေ၊ ပိုင်ဆိုင်ခွင့်-ဘိုးဘာ၊မြေဧရိယာ ၀ ဒသမ ၀၁၈(၁၆ပေ-၅၀ပေ ) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်ဆောင်အပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အကျိုးခံစားခွင့်ရှိသူများဖြစ်သော မြိတ်မြို့၊ မြစ်မရပ်၊ ပုလဲလမ်းနေ၊ ဒေါ်တင်ရီ ဦးခင်မောင်ဦး၊ ဒေါ်ခင်ဝေ၊ ဦးမြင့်ဦး၊ ဒေါ်ဌေးမြင့်၊ ဒေါ်တင်တင်ဝေ၊ ဦးခင်မောင်လတ်၊ ဦးခင်မောင်ရှိန်၊ ဦးခင်မောင်ထွေးတို့ထံမှ ဝယ်ယူရန်အတွက် မြိတ်မြို့၊ကန်ဖျားရပ်ဗိုလ်ဗထူးလမ်း၊ အမှတ်(၄၀)နေဦးမျိုးဇော်ထွေး ၆/မမန(ပြု)၀၀၀၁၅၉ မှ ၁၄-၁-၂၀၂၃ ရက်တွင် စရန် ငွေတစ်စိတ်တစ်ဒေသဖြစ်သော သိန်း(၈၀၀၀၀၀၀၀/-)ကျပ် အားပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၂၁)ရက်အတွင်းမည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ အရောင်းအဝယ်အားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးဇော်ထွေး ဖုန်း-၀၉-၄၂၂၁၉၅၁၂၀

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁)၊ ဦးပိုင်အမှတ်(၁၁၃+၁၃၀)၊ ၅၃x၅၄၊ နှင်းဆီxမြတ်လေးလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းခင်အေးရီ (ခ)နန်းစံခမ်း ၁၃/နခန(နိုင်)၀၀၆၃၇၆ ၏(SPရသူ ဒေါ်ထူးထူးဝင်း)က အမည်ပေါက်သူ၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတို့မှာ ငှားရမ်း၍မရကြောင်း တင်ပြစာ၊ ဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်-၄၂၄၁/ ၂၀၂၂-၂၀၂၃ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၈)၊ ဦးပိုင်အမှတ်(၅၇)(ခဲစင်း)၊ ၃၈x၃၉လမ်းကြား၊ ၆၅လမ်းနှင့် ၆၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်ဆွေ ၉/မရတ(နိုင်) ၀၄၁၅၆၆၏ (SP ရသူ ဒေါ်အိသန္တာဖြူ)က အမည်ပေါက်သူ၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြနိုင်ခြင်းမရှိကြောင်း တင်ပြစာဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၂၅၈၈/၂၀၂၂-၂၀၂၃ ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
### ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၉၀

| | | |
|---|---|---|
| ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက် (A Bank ၎င်း၏ကိုယ်စား ဒေါ်မြင့်မြင့်လှိုင်) | နှင့် | MAGELLAN GROUP COMPANY LIMITED(Registration Number-101118932) |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ မြေညီထပ်၊ အမှတ်- ၁၉ တွင် တည်ထောင်ဖွင့်လှစ်ထားသော MAGELLAN GROUP COMPANY LIMITED (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ ရောဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက် (A Bank ၎င်း၏ကိုယ်စား ဒေါ်မြင့်မြင့်လှိုင်) က ၁၂-၁-၂၀၂၂ရက်အထိ ကျသင့်သော စိုက်ထုတ်ချေးငွေအရင်း USD 1629992နှင့် အတိုးငွေ USD 4903.10 စုစုပေါင်းငွေ USD 21203.02 နှင့် ညီမျှသော မြန်မာငွေကျပ်ငွေ ၂၈၂၅၇၂၆၄ကျပ်စပြားရလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၃ရက် (၁၃၈၄ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇန်နဝါရီ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးသီရိခိုင်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ဗိုလ်တထောင်ခရိုင်တရားရုံး

## ကုန်အမှတ်တံဆိပ်တစ်ဦးတည်းပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ အမှတ်(၄)A ဃ/င/စ ဘုရင့်နောင်လမ်းမကြီး၊ ပင်လုံရိပ်မွန်အိမ်ရာ၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ X Space စားသောက်ဆိုင် ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းပိုင်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဖော်ပြပါ X Space စားသောက်ဆိုင်နှင့် စားသောက်ကုန်ပစ္စည်း အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြုရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၃၁/၂၀၂၃)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပါသည်။ ဖော်ပြပါ X Space အမှတ်တံဆိပ်ဖြင့် စားသောက်ကုန်ပစ္စည်း အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ချီရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါပစ္စည်းများ ထည့်သွင်းအသုံးပြုသော ဘူးသေး၊ ဘူးကြီး၊ ဘူးလတ်၊ ပလတ်စတစ်အိတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ ကတ်ထူဘူး၊ ပလတ်စတစ်ဘူး၊ ပါဆယ်ထုပ်များနှင့်ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့တွင်လည်းကောင်း၊ ၎င်းကုန် အမှတ်တံဆိပ်၊ အမည် အမှတ်အသားကို အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ကာလာအမျိုးမျိုးတို့ကိုလည်းပြုလုပ်ပြီး ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားအမှတ်တံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့် တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ချီရောင်းချသွားမည်ဖြစ်ပါသည်။

ဖော်ပြပါ X Space အမှတ်တံဆိပ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုပါက တိကျသော စာရွက်စာတမ်းအထောက်အထားဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးဝဏ္ဏကျော်
၉/မကန(နိုင်)၀၆၄၃၂၂
ဖုန်း-၀၉-၇၇၉၆၉၆၃၈၉

## ကန့်ကွက်နိုင်ပါကြောင်း နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈/စီ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၊ မြေကွက်အမှတ် ၇၃၁၊ ကျွန်းရွှေမြိုင် ၁၀ လမ်းရှိ ဦးကျော်ရင် MAG-၀၀၈၈၁၄ အမည်ပေါက် ပါမစ်မြေ ပေ ၄၀x ၆၀ ပေ နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားသူ ဦးမင်းနိုင် ၅/တဆန(နိုင်)၁၀၄၂၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက စရန်အချို့ အဝက်ပေးချေပြီး ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ပြုလုပ်သော ပစ္စည်းများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်း အထောက်အထားများယူဆောင်ပြီး လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ခုနစ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ကျန်ငွေများကို ပေးချေပြီး အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန္ဒီအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၁၂)
အမှတ် A-3၊ အခန်း ၀၀၆၊ ဇာလီတောင်အိမ်ယာ၊ ကျိုက်/နောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း- ၀၉-၄၂၈၀၁၇၂၃၅

## အများသိစေရန်ကြေညာအပ်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၃/ဈေးချိုအရှေ့)၊ ဦးပိုင်အမှတ်(၄၉/က) ဧရိယာ ၀ ဒသမ ၄၈ဧကရှိ ဘိုးဘွားပိုင်မြေကွက်သည် ဦးသိန်းအောင်၊ ဒေါ်မော်မော်လှိုင် အမည်ပေါက်ပြီး၊ ဒေါ်မော်မော်လှိုင်မှ ဦးသိန်းအောင်အား မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မြေကွက်သက်သက် အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အမှတ်(၉၂/၂၀၂၀)ဖြင့် စွန့်လွှတ်ပေးခဲ့ပါသည်။ မူလအမည်မှ ကျွန်တော် ဦးသိန်းအောင်အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မော်လမြိုင်မြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၃)၊ ဦးပိုင်အမှတ်(၄၆) ၊ ၅၂ x ၅၃ လမ်းကြား၊ ဂန္ဓမာနှင့် ယုဇနလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်သောင်း ၁၄/မအန(နိုင်)၀၁၃၅၇၄ ၏ (GP ရသူ ဒေါ်ကြည်စန်း) က (တောဂရန်၊ မြေချထားမိန့်၊ ငွေသွင်းပြေစာ)မူရင်းများ လက်ဝယ်တွင် အသိမ်းလွန်၍ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၁၀-ရပ်ကွက်၊ ဦးဖိုးသုန် ရိပ်သာလမ်း၊ အမှတ်(၁၄/ဘီ)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၅၀ ကံဘဲ့)၊ မြေကွက်အမှတ် (၅၃/ခ၂)၊ မြေဧရိယာ ၀ ဒသမ ၁၂၃ ဧကအကျယ်အဝန်းရှိ မြေပိုင်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်မေသီ ၁၂/ကမရ(နိုင်) ၀၁၂၆၈၆ အမည်ဖြင့် တည်ရှိသော မြေနှင့်အဆောက်အအုံအား ဒေါ်ခင်မေသီထံမှ ၃၀-၁၂-၂၀၁၃ ရက်စွဲပါ မြေနှင့် တိုက်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ကျော် (ခ) ဦးကျော်ကျော်လှိုင် ၁၂/စခန(နိုင်)၀၂၃၁၂၂၊ အမှတ်(၁၃၀)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အအုံ အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, P.G.D.L) | ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ၊ စဉ် -၁၆၁၉၆ | တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅ |
| ဖုန်း -၀၉- ၅၁၇၁၄၃၃ | ဖုန်း- ၀၉-၂၅၄၄၈၈၃၃၀ |

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက အမှတ် (၈၃၈)၊ ပဟေဝန်လမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၄)၊ မြေကွက်အမှတ် (၈၃၈)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်သိန်း (ဘ) ဦးစော ၁၂/မဂတ (နိုင်) ၀၁၇၃၀၁၃၊ တိုက်အမှတ် (B-1)၊ အခန်း (၅၀၂)စည်ပင်ဝင်း၊ နှင်းဆီလမ်း၊ စရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ထံမှဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေနှင့်အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, P.G.D.L) | ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ၊ စဉ် -၁၆၁၉၆ | တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅ |
| ဖုန်း -၀၉- ၅၁၇၁၄၃၃ | ဖုန်း- ၀၉-၂၅၄၄၈၈၃၃၀ |

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၉၈၉ ဘန့်ဘွေးကုန်း)၊ မြေကွက်အမှတ်(၇၁/၄၃၊ ၇၂/၄၆)ပိုင်ဆိုင်ခွင့်- ("VFV")မြေမျိုးနှင့်အတန်း-မြေရိုင်း၊ မြေဧရိယာ (၁၀)ကေအကျယ်အဝန်းရှိ မြေလွတ်မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်ပြုမြေအမျိုးအစား မြေကွက်အပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လှည်းကူးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု မြို့မြေစာရင်းဦးစီးဌာနတွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းလုပ်ပိုင်ခွင့် ရရှိထားသော အမည်ပေါက်ပိုင်ရှင် ဦးမြတ်မင်း (ဘ) ဦးသောင်းရွှေ ၁၂/ဒဂန(နိုင်)၀၁၀၃၂၈၊ အမှတ်(၁၁၉၈)၊ သုမန(၃)လမ်း၊ (၁၆/၄) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန်စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ(H.G.P, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်/၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်/၇၅၁၅) |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း ၀၉-၂၅၄၄၈၈၃၃၀ |

အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် BB/မြနန္ဒာ၊ ဦးပိုင် အမှတ်(၃၈)၊ မြေဧရိယာ ၀ ဒသမ ၀၈၃ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်ဝင်းနန္ဒာဦး ၁၂/မဂဒ(နိုင်)၁၂၆၇၀၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## မွေးသက္ကရာဇ်အမှန်

ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်မှ သရုပ်ပြဆရာမ ဒေါ်မှူးမှူးကျော် ၉/လဝန (နိုင်)၁၉၁၅၈၆၏ မွေးသက္ကရာဇ် အမှန်မှာ ၂၉-၈-၁၉၉၆ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၉၁)၊ ဦးပိုင်အမှတ်(၁၇-ခ+၁၈ခ)၊ ၄၀လမ်းနှင့် ၄၁လမ်းကြား၊ ၇၀လမ်းနှင့် ၇၁လမ်းကြားရှိ ဒေါ်နွယ်နွယ်အုန်း အမည်ပေါက်ဂရန်မြေကွက်အား (မိခင်) ဒေါ်နွယ်နွယ်အုန်း (ဖခင်) ဦးကျော်လင်းတို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သူတစ်ဦးတည်းသော (သမီး) ဒေါ်နေနွယ်လင်း ၉/မရတ(နိုင်)၁၃၀၉၉၂က ဂရန်မူရင်း ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တင်ရန် ရေးကူးထားသော မြေပုံ၊ မြေရာဇဝင် (၁-က)မှတ်တမ်းမူရင်းတို့ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း တင်ပြ၍ အမွေဆက်စာချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2P/4307 ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၃)၊ ဦးပိုင်အမှတ်(၂၃)၊ ၁၉x၂၀လမ်းကြား၊ ၆၃x၆၄လမ်းကြားရှိ အေးအာရ်ကူးဘူအမည်ပေါက်ဂရန်မြေကွက်အား ဦးအေးအာရ်ကူးဘူ (ဇနီး) ဒေါ်ဂူကူး (၎င်းတို့၏ တစ်ဦးတည်းသောသား) ဦးကုသု၊ (ဇနီး)ဒေါ်အန်ဒါရီ၊ (သမီး) ဒေါ်ဒါဂျား၊ (သား)ဦးဘာလာ၊ (၎င်း၏ဇနီး)ဒေါ်ညို၊ (သား) ဦးသောင်းတင်၊ (သား) ဦးသန်းဆောင်၊ (သမီး)ဒေါ်အမကြူ (၎င်း၏ပထမအိမ်ထောင်) ဦးမောင်သိန်းတို့ အသီးသီး ကွယ်လွန်၍ ကျန်ရစ်သည့်အမွေဆက်ခံသူများဖြစ်သည့် ဒေါ်သန်းတင် ၉/မထလ(နိုင်)၂၃၅၁၉၃၊ ဦးသန်းမောင် ၉/မနမ(နိုင်)၀၅၆၄၁၄၊ ဒေါ်ဝင်းကြည် ၉/မနမ(နိုင်)၀၅၆၃၂၃၊ ဒေါ်အမာတင်၉/မနမ(နိုင်)၀၆၁၃၁၃၊ ဒေါ်သီတာဝင်း ၉/မနမ(နိုင်)၁၁၄၆၀၂၊ ဦးဝင်းကျော် ၉/မနမ(နိုင်)၀၅၆၈၁၆၊ ဦးသန်းထွန်း EMDY-၂၇၉၀၁၆၊ ဒေါ်နှင်းမာလာ ၉/မနမ(နိုင်)၁၁၀၆၈၁၊ ဒေါ်စန်းစန်းဝင်း ၉/မနမ(နိုင်)၁၁၄၉၂၃ တို့က သေစာရင်း၊ ဂရန်မူရင်းအသိမ်းလွန်၍ ပျောက်ဆုံးကြောင်းနှင့် အမွေဆက်ခံကြောင်း (ရဲစခန်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံး)ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ မီးသွေးဖောင်းလမ်း၊ ဘုရားကိုင်ရပ်နေဦးတင်အောင်ဇော် ၆/မအရ(နိုင်)၀၈၅၉၂၀ နှင့် ဒေါ်စန်းစန်းမွေး ၆/မအရ(နိုင်)၀၄၅၅၂၁ တို့၏ သမီးဖြစ်သူ မထက်ထာဝရ ၆/မမန(နိုင်)၁၇၈၉၂၁ သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးတင်အောင်ဇော်၊ ဒေါ်စန်းစန်းမွေး

## အမည်ပြောင်းလဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အထက(ဘုရားကြီး) Grade-1(A)တွင် ပညာသင်ကြားနေသော ဦးနိုင်အောင်-ဒေါ်ဝတ်ရည်ဇော်တို့၏သမီး မမိုးစက်ပွင့်အား မသက်ထားဆွေဇင်ဟု ပြောင်းလဲခေါ်ပါရန်။

**မသက်ထားဆွေဇင်**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဝေဝေမြင့် ၈/တတက(နိုင်)၁၃၈၀၅၄ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/3568 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/7532 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထိုက်ဝင်း ၇/ကဝန(နိုင်)၁၃၄၆၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 38W/35218 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးသူမျိုးဆွေ ၁၄/ဇလန(နိုင်)၁၄၁၈၇၅က (ကမ-၃)ပျောက်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ် (၂၆/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ ၀ ဒသမ ၃၀၃ ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၄၅၈-၅/၂၀၀၉-၂၀၁၀(အေ)၊ ဒေါ်ရန်ရင်ကော့ ၁၃/ကခန(နိုင်)၀၂၁၈၉၁နှင့် ဒေါ်နန်းအေးလီ ၁၃/လရန(နိုင်)၀၁၆၇၆၂ အမည်ပေါက်မြေကွက်၏ တစ်စိတ်တစ်ဒေသဖြစ်သည့် ဧရိယာ ၀ ဒသမ ၀၉၄ ဧကအား ဒေါ်ယဉ်ယဉ် ၁၃/လရန(ပြု) ၀၀၀၅၀၈ပါ (၄)ဦးသို့ ရောင်းချပြီးဖြစ်သဖြင့် ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၁၅)ရက်အတွင်း အထောက် အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## မုံရွာစီးပွားရေးတက္ကသိုလ် မဟာဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မုံရွာစီးပွားရေးတက္ကသိုလ်က ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MBA) သင်တန်း
(ခ) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MPA) သင်တန်း
(ဂ) ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MMM) သင်တန်း
(ဃ) အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (MAS) သင်တန်း

၂။ အဆိုပါမဟာဘွဲ့ သင်တန်းအတွက် အောက်ပါအရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူ မဖြစ်စေရ။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့ တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။
(ဃ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ပြီး Zoom Application အား ကောင်းစွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် သင်တန်းရေးရာဌာန၏ (Facebook Page)မှ ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) မိမိလျှောက်ထားလိုသည့် သင်တန်း၏ အွန်လိုင်းမှဖြစ်စေ ၂၄-၁-၂၀၂၃ ရက်မှ စတင်ရယူနိုင်ပါသည်။

၄။ လျှောက်လွှာပုံစံနှင့်အတူအောက်ဖော်ပြပါ စာရွက်စာတမ်းများ၏ Original scan copy (မူရင်းကို scanဖတ်ထားသောမိတ္တူ)ကို သက်ဆိုင်ရာ ပရိုဂရမ် အသီးသီး၏ အီးမေးလ်လိပ်စာသို့ အွန်လိုင်းမှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ၅-၃-၂၀၂၃ ရက် နောက်ဆုံးထား၍ ပေးပို့ရပါမည်-

(က) ဘွဲ့လက်မှတ်(သို့)ယာယီဘွဲ့ထောက်ခံစာ
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်
(ဂ) နိုင်ငံသားစိစစ်ရေးကတ်
(ဃ) ပညာအရည်အချင်းထောက်ခံချက်နှင့်လုပ်ငန်းအတွေ့အကြုံလုပ်ဆောင်ချက်
(င) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၂-၃-၂၀၂၃ ရက် တနင်္ဂနွေနေ့ တွင် အွန်လိုင်းမှ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေ အောင်စာရင်းနှင့် လူတွေ့အချိန်စာရင်းကို ၁၆-၃-၂၀၂၃ ရက်တွင် ထုတ်ပြန်ပါမည်။

၆။ သင်တန်းတက်ရောက်မှုအချိန်စာရင်းမှာ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့ (နံနက် ၈:၀၀နာရီမှ ညနေ ၅:၀၀နာရီ)အထိ ဖြစ်ပြီး သင်တန်းကာလမှာ (၂)နှစ်ဖြစ်ပါသည်။

၇။ **ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် အီးမေးလ်များ** - MBA-09-755513126, mgtstudies.mue@gmail.com
MPA-09-789951019,09-400569681, mueeconomics2022@gmail.com
MMM-09-895390138, mmm.mue. commerce@gmail.com
MAS-09-404035886, statistics.mue@gmail.com

၈။ **အသေးစိတ်သိရှိလိုပါက** - မုံရွာစီးပွားရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာန
Ph-09-400413081,09-259144740,
mueacademicaffair@gmail.com

၉။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

